ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်၊ တနင်္ဂနွေနေ့၊ (30-3-2008) (၅၆၃၈)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လာအိုနိုင်ငံ၌ ကျင်းပမည့် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသခွဲ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ပို့ဆောင်နှုတ်ဆက်

နေပြည်တော် မတ် ၂၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်း၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ မတ် ၃၀ ရက်မှ ၃၁ ရက်အထိ ကျင်းပမည့် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသခွဲ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့နံနက် ၁၀ နာရီတွင် အထူးလေယာဉ်ဖြင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✪

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပမည့် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသခွဲ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror မျိုးချစ်စိတ်ကို အရင်းတည်၍ ဖွဲ့စည်းခဲ့သည့် မြန်မာ့တပ်မတော်

“မျိုးချစ်စိတ်ကိုအရင်းတည်၍ ဖွဲ့စည်းခဲ့သည့် ကျွန်တော်တို့မြန်မာ့တပ်မတော်သည် နိုင်ငံနှင့်လူမျိုးအကျိုးကို ဆက်လက်သယ်ပိုးနိုင်ရန်အတွက် အင်အားတောင့်တင်း ခိုင်မာသည်ထက် ခိုင်မာလာပြီး နိုင်ငံတော်သစ်ဆီသို့ ဦးတည်လျှောက်လှမ်းရာတွင် အဓိကအခန်းမှ ပါဝင်လျက်ရှိနေပါပြီ။”

မောင်အောင်(မွေးကု)၏ **“တိုင်းပြည်အတွက်ဆို အမြဲအဆင်သင့်”**

(ဆောင်းပါး) စာမျက်နှာ–၆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၀-၃-၂၀၀၈
(တနင်္ဂနွေနေ့)

မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ ချီတက်

ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးတွင် ပြည်သူများ ပါဝင်ဆောင်ရွက်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး လူဦးရေအများစုမှာ ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိသည်။ နိုင်ငံနှင့်နိုင်ငံသားတို့၏ ခနေအင်အားကြွယ်ဝရေးကို ဖော်ဆောင်ရာတွင် စိုက်ပျိုးရေးကို အခြေခံပြီး အခြားစီးပွားရေး ကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းတည်ဆောက်နေသည်။

နိုင်ငံတော်က စိုက်ပျိုးရေးတွင် အဓိကလိုအပ်သည့် စိုက်ပျိုးရေရရှိစေရန် ဆည်တမံ၊ ရေထိန်းတံခါး၊ ရေလွှဲဆည်ပေါင်း ၂၀၉ ခု၊ မြစ်ရေတင်လုပ်ငန်း ၃၀၅ ခု၊ မြေအောက်ရေရရှိရေးလုပ်ငန်း ခုနစ်ထောင်ကျော်နှင့် ကျေးလက်ဆည်ငယ် ကန်ငယ်များကို တည်ဆောက်ပေးထားရာ သီးနှံစိုက်ဧကအား တိုးတက်လာလျက်ရှိသည်။ တစ်ဧကအထွက်နှုန်းကောင်း သီးနှံမျိုးများ၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ ရရှိအသုံးပြုလျက်ရှိသောကြောင့် စားနပ်ရိက္ခာဖူလုံမှု ရရှိလာသည့်အပြင် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝပါ တိုးတက်မြင့်မားလာနေပြီဖြစ်သည်။

နိုင်ငံတစ်ဝန်း မော်တော်ကားလမ်းသစ်၊ တံတားသစ်များ၊ ရထားလမ်းသစ်များနှင့် လေယာဉ်ကွင်းများကို တိုးချဲ့ ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ တိုင်းရင်းသားအချင်းချင်း ရင်းနှီးချစ်ကြည်စွာ ကူးလူးဆက်သွယ် သွားလာနိုင်ကြပြီဖြစ်သည်။ ကုန်သွယ်စီးပွား တိုးတက်ဖြစ်ထွန်းလာလျက်ရှိသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရက နိုင်ငံနှင့်တိုင်းရင်းသားပြည်သူများအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများ ဖြစ်ပေါ်တိုးတက်လာစေရန် ဖော်ဆောင်ပေးနေသကဲ့သို့ ဒီမိုကရေစီနိုင်ငံတော်သစ်ကို ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး တစ်ဆင့်ချင်း အကောင်အထည်ဖော်လျက်ရှိသည်။

ယခုအခါ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို ရေးဆွဲပြီးဖြစ်ရာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီး ကျင်းပ၍ အတည်ပြုခြင်း၊ ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

နိုင်ငံတော်အစိုးရက တိုင်းရင်းသားပြည်သူတို့၏ ဆန္ဒနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်၍ ချီတက်လျက်ရှိရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးတွင် ကျရာကဏ္ဍက ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၌ တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် ကြည့်မြင်တိုင်မြို့နယ် အိုးဘိုလမ်းနေ မိဘများနှင့် ဦးတိုက်စိုးအား ရည်စူး၍ ဇနီး ဒေါ်မြကြည်၊ သား ပါမောက္ခ ဒေါက်တာ ဌေးလှိုင်စိုး (ရောဂါရှာဖွေရေး ပါရဂူဆရာဝန်ကြီး) မိသားစုက ငွေကျပ် ၁၁၀၀၀၀ကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးအေးမြင့် လက်ခံယူစဉ်။ (ကြေးမုံ)

ပြည်သူ့ သဘောထား	★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။ ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။ ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။ ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ကျောက်ချောလမ်းဖွင့်ပွဲ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မတ် ၂၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၂၇ ရက်တွင် နေပြည်တော် ပျဉ်းမနားမြို့နယ် ငကောင်းကံအုပ်စု ဇီးကုန်းကျေးရွာသို့ ရောက်ရှိကြပြီး သာသနာ့ဟိတကာရီ ဇီးကုန်းအနောက်ကျောင်းတိုက်သို့ သွားရောက်၍ ဆရာတော်ဘဒ္ဒန္တ တေဇနိယနှင့် ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ နေပြည်တော် ပျဉ်းမနားမြို့နယ် ငကောင်းကံအုပ်စု ဇီးကုန်းကျေးရွာ ကျေးရွာချင်းဆက် ရိုစာကျောက်ချောလမ်းဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည်နေပြည်တော်ပျဉ်းမနားမြို့နယ် ငကောင်းကံအုပ်စု ဇီးကုန်းကျေးရွာ ကျေးရွာချင်းဆက် ရိုစာကျောက်ချောလမ်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ယင်းနောက် ရိုစာကျောက်ချောလမ်း ဖြစ်မြောက်ရေးကော်မတီဝင် ဦးတင်ဝင်းက လမ်းဖောက်လုပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လမ်းဖောက်လုပ်ကူညီဆောင်ရွက်ပေးခဲ့သည့် သော်တာဝင်းကုမ္ပဏီမှ ဝန်ထမ်းများအတွက် ဇီးကုန်းကျေးရွာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဦးဌေးလှိုင်က အမှတ်တရ လက်ဆောင်များကို တာဝန်ရှိသူတစ်ဦးထံ ပေးအပ်သည်။

ထို့နောက် ကျေးရွာပြည်သူများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍နေပြည်တော်ပျဉ်းမနားမြို့နယ် ရှမ်းစုလေးရွာနှင့် ဇီးကုန်းကျေးရွာ ကျေးရွာချင်းဆက် ရိုစာကျောက်ချော လမ်းဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းကို ကျင်းပရာ နေပြည်တော်ပျဉ်းမနားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကျော်သက်ဦးနှင့် ကျေးရွာပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးလှမြင့်တို့က ကျေးရွာချင်းဆက် ကျောက်ချောလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

ယနေ့ ဖွင့်လှစ်ခဲ့သည့် ကျေးရွာချင်းဆက် ရိုစာကျောက်ချောလမ်းသည် ရှမ်းစုလေးရွာနှင့် ဇီးကုန်းကျေးရွာသို့ ဆက်သွယ်ဖောက်လုပ်ထားရှိပြီး အရှည်ပေ ၁၅၀၀၀နှင့် အကျယ် ၁၅ပေရှိကာ သော်တာဝင်းကုမ္ပဏီမှ တာဝန်ယူဖောက်လုပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိဘနှစ်ပါးနှင့်အစ်မ ဒေါ်ခင်သန်းအားရည်စူး၍ ဗိုလ်တထောင်မြို့နယ် (၁၀)ရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် (၄၅)လမ်းထောင့်နေ ဒေါ်ခင်မြင့်နှင့်ဒေါက်တာမျိုးဝင်း၊ ဒေါက်တာသင်းသင်းလှိုင်၊ သမီးယဉ်ယဉ်သော် (U.S.A) မိသားစုတို့က ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ နဝကမ္မငွေပဒေသာပင် အလှူငွေကျပ် ၂၅သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က-ပ)

မင်္ဂလာဗျူဟာအသင်းချုပ် သင်တန်းများဖွင့်မည်

ရန်ကုန် မတ် ၂၉

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာ အသင်းချုပ် ဗုဒ္ဓဘာသာသင်တန်းကျောင်း၌ အဘိဓမ္မာသင်တန်း၊ ဋီကာကျော်သင်တန်းနှင့် ဝိသုဒ္ဓိမဂ်သင်တန်းများကို ဧပြီ ၂၆ ရက် (စနေနေ့)မှစ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီခွဲအထိ ပို့ချသွားမည်ဖြစ်သည်။ ဝိသုဒ္ဓိမဂ်သင်တန်းကို နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) အဘိဓမ္မာပိဋကမဟာဌာနမှ ကထိက ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ၊ အဘိဓမ္မာ သင်တန်းကို သုတ္တန္တပိဋက မဟာဌာနမှ ကထိက ဆရာတော် ဘဒ္ဒန္တအာစာရ၊ ဋီကာကျော် သင်တန်းကို ဆရာတော် ဦးဣန္ဒြိယနှင့် ဆရာတော် ဦးဇဋိလတို့က ဦးဆောင်၍ လက်ထောက်ဆရာ၊ ဆရာမများဖြင့် ဓမ္မဒါန သင်ကြားပို့ချပေးသွားမည်ဖြစ်၍ သိရှိလိုသည်များကို ဖုန်း-၃၇၀၉၅၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ဆုချီးမြှင့်

အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း ပုဇွန်တောင်မြို့နယ်၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက်က ကျင်းပရာ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်အတွင်း ပထမတန်းတွင် စာပေဘာသာရပ်ဘက်စုံ တတိယဆုရရှိသူ မဆုမြတ်နိုင်ဦးအား ကျောင်းအုပ်ဆရာကြီး ဦးမြလွင် ဆုချီးမြှင့်စဉ်။ (ပညာရေး)

✪ ရှေ့ဖုံးမှ

ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ ဗိုလ်ချုပ်သာအေးနှင့် ဗိုလ်ချုပ်ခင်ဇော်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံရုံး သံရုံးယာယီတာဝန်ခံ Mr.Thongkhoun SENGPHACHAN နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ လိုက်ပါသွားကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပမည့် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသခွဲထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပုပ္ပားစကားဝါမြေ ဆရာတော်၏ တရားပွဲ များ

ရန်ကုန် မတ် ၂၉

ရန်ကုန်မြို့ လှိုင်မြို့နယ်(၁၃)ရပ်ကွက်ရှိ ပဏ္ဍိတာရာမစာသင်တိုက်၏ နာယက၊ စာချ၊ သာသနာပြု၊ နယ်လှည့်ဓမ္မကထိက ပုပ္ပားစကားဝါမြေ ဆရာတော် ဘဒ္ဒန္တပညာဝံသသည် ဧပြီ ၇ရက်တွင် မအူပင်မြို့နယ် ကံစုကျေးရွာနေ ဦးဗိုလ်ညွန့်–ဒေါ်နွဲ့နွဲ့စန်း မိသားစု၏ ရဟန်းခံ၊ ရှင်ပြုပွဲ၊ ဧပြီ ၈ရက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၀၄)ရပ်ကွက်ရှိ မလွန်ဆန်လှူအသင်း၊ ဧပြီ ၉ရက်တွင် လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်လုံးဆိုင်ရာ ဓမ္မပူဇာပွဲ၊ ဧပြီ ၁၀ရက်တွင် လှိုင်မြို့နယ် (၇)ရပ်ကွက်ရှိ လှိုင်ရတနာ စာသင်တိုက်၌ ဦးရွှေတိုး–ဒေါ်စိန်မိသားစု၏ ရဟန်းခံ၊ ရှင်ပြုပွဲ၊ ဧပြီ ၁၂ ရက်နှင့် ၁၃ရက်တို့တွင် လှိုင်မြို့နယ် (၁၃)ရပ်ကွက်ရှိ မဟာဆွေလမ်း၏ ဓမ္မပူဇာပွဲ၊ ဧပြီ ၁၄ ရက်တွင် လှိုင်မြို့နယ် (၁၁)ရပ်ကွက်ရှိ ဧယျာဝံသကျောင်းတိုက်၏ ဓမ္မပူဇာပွဲနှင့် ဧပြီ ၁၆ ရက်တွင် လှိုင်မြို့နယ် (၁၃)ရပ်ကွက် သီရိမြိုင် (၃)လမ်းရှိ သာသနာ့ပါလ ဓမ္မာရုံ၏ ဓမ္မပူဇာပွဲတို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြား ချီးမြှင့်တော်မူမည်ဖြစ်သည်။ (က–ပ)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား လက်ဝှေ့ပြိုင်ပွဲများ ယနေ့ကျင်းပမည်

ရန်ကုန် မတ် ၂၉

၂၀၀၈ ခုနှစ် ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား (ဂ)အဆင့်၊ (ခ)အဆင့်နှင့် (က)အဆင့် တံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲများကို မတ် ၃၀ရက် မွန်းလွဲ ၂နာရီခွဲ မှ စတင်၍ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံအားကစားရုံ၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။

မတ် ၃၀ရက်တွင် ပွဲစဉ်များအဖြစ် (ဂ)အဆင့် ပင်းဝိတ်တန်း၊ လိုက်ဖလိုင်း ဝိတ်တန်း၊ ဖလိုင်းဝိတ်တန်း၊ ဘင်တန်ဝိတ်တန်း၊ ဖယ်သာဝိတ်တန်း၊ လိုက်ဝိတ်တန်း၊ ဝယ်လ်တာဝိတ်တန်း နှစ်ပွဲစီ၊ (ခ)အဆင့် ဘင်တန်ဝိတ်တန်းနှင့် ဖယ်သာဝိတ်တန်း တစ်ပွဲစီ စုစုပေါင်း ၁၆ပွဲ ကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲမကျင်းပမီ ဖွင့်ပွဲအခမ်းအနားကို ကျင်းပမည်ဖြစ်ပြီး လက်ဝှေ့အားကစားဝါသနာရှင်များ အခမဲ့ ကြည့်ရှုအားပေးနိုင်ကြောင်း သိရှိရသည်။

အဆိုပါပြိုင်ပွဲကို အသင်း ၁၄ သင်းမှ ကစားသမား ၉၃ ဦး ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲကို ဧပြီ ၂ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ (ကြေးမုံ)

ဒို့ကျေးရွာဂျာနယ် အတွဲ (၅)၊ အမှတ် (၇) ထွက်ပြီ

ရန်ကုန် မတ် ၂၉

မြန်မာ့ဆယ့်နှစ်လရာသီ၏ နောက်ဆုံးလဖြစ်သော တပေါင်းလ မိန်ရာသီအခါသမယတွင် အင်ကြင်းပန်း၊ သရဖီပန်းနှင့် ပိတောက်ပန်းတို့၏ မွှေးရနံ့နှင့်အတူ ကျေးလက်ပြည်သူ တောင်သူဦးကြီးတို့အား စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် သုတ၊ ရသ၊ ဗဟုသုတအဖြာဖြာ ဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ် အတွဲ(၅)၊ အမှတ်(၇)ကို ၂၀၀၈ ခုနှစ် ဧပြီ ၁ ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။

ယခုအပတ်ဂျာနယ်တွင် သစ်သီးဥယျာဉ်ခြံ တည်ထောင်လိုလျှင်၊ ဖရဲ၊ သခွား စိုက်ပျိုးရေး နိုင်ငံခြားငွေရှာဖွေပေး၊ ပဲပုပ်စိုက်ပျိုးဝင်ငွေတိုး၊ ဓာတ်ပေါင်းစုမြေသြဇာပြုလုပ်နည်း စသည့်စိုက်ပျိုးရေးဆောင်းပါးများ၊ ခွာနာ၊ လျှာနာရောဂါ ကာကွယ်ကုသပါ၊ ဒေသခံခိုင်းနွားမွေးမြူမှု ဖွံ့ဖြိုးတိုးတက်ရေး စသည့် မွေးမြူရေးဆောင်းပါးများ၊ ဘီပိုးနှင့်စီပိုး တစ်ချိန်တည်း အားလုံးပျောက်ရန်၊ တစ်ပိုင်တစ်နိုင် စိုက်သင့်သော ဆေးဖက်ဝင်ချင်း(ဂျင်း)၊ သွေးသည်အသက်စသည့် ကျန်းမာရေးဆောင်းပါးများ၊ အမေရိကန်တပ်မတော်အတွင်း မိမိကိုယ်ကိုသတ်သေမှုတိုးမြင့်လာ၊ ကျန်းမာဖို့စာဖတ်စို့၊ အောင်မြင်ကြောင်းတရား၊ ညည်းညူနေခြင်းဟာထွက်ပေါက်မဟုတ်ဘူး အားထည့်ထားတဲ့အလုပ်ကမှ ထွက်ပေါက်၊ တန်ခူးလအခါသမယသို့ရောက်ပြီ၊ အလံအုပ်ကျေးရွာနှင့် အမွေးတိုင်လုပ်ငန်း စသည့် အသိပညာပေးဆောင်းပါးများအပြင် ဟာသ၊ ကဗျာ၊ ကာတွန်း၊ ဆောင်းပါး၊ မြန်မာဗီဒီယိုဓာတ်လမ်းများ၊ သတင်းအတိုအထွာများဖြင့် သုတရသ စုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ဝါမိုးအောင်စာအုပ်ဆိုင်တို့တွင် တစ်စောင်လျှင် ငွေကျပ် ၁၅၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း–၃၇၁၃၄၀၊ ၃၇၁၃၄၂ သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀–၃–၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM	
၇း၀၀–၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅–၁း၀၅	"အရဟံ ဂုဏ်တော်ဖွင့်"တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
၇း၅၅–၁း၅၅	Soccer Update
၈း၁၀–၂း၁၀	Sunday Talk [ဒေါ်နုနုယဉ် (ပါမောက္ခ၊ စီးပွားရေးတက္ကသိုလ်)၊ ဦးအောင်စိုးသာ(ဒါရိုက်တာ–MIT)၊ ဦးမျိုးမြတ်သူ]
၈း၄၅–၂း၄၅	အောင်စေတီဆရာတော် ဘဒ္ဒန္တစတိလ၏ သာသနာပြုမှတ်တမ်း
၉း၀၅–၃း၀၅	တေးဂီတအစီအစဉ်
၉း၁၀–၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀–၃း၂၀	သီးနှံစိုက်ပျိုးအထွက်တိုး "ပြည်ပဝင်ငွေရစေရာ ဆေးဖက်ဝင်သစ်ခွစိုက်ပါ"
၉း၃၀–၃း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၃၅–၃း၃၅	တေးဂီတအစီအစဉ်
၉း၄၀–၃း၄၀	Euro Goals
၁၀း၀၀–၄း၀၀	မိုးလေဝသခန့်မှန်းချက်
၁၀း၀၅–၄း၀၅	မြိတ်မြို့ မိသားစုဝင်များ၏ မြန်မာပြည်အနှံ့ဘုရားဖူးနှင့် လေ့လာရေးခရီးစဉ် (အပိုင်း–၂)
၁၀း၄၀–၄း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅–၄း၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၅–၄း၅၅	ပါဝင်ဆင်နွှဲ ပြင်ဦးလွင်မှ ရွှေရတုဂေါက်သီးရိုက်ပြိုင်ပွဲ
၁၁း၁၅–၅း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀–၅း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀–၅း၃၀	ကျန်းမာရေးကဏ္ဍ ရာသီဥတုပြောင်းလဲမှု ကျန်းမာရေးကိုသတိပြု (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသန်းထွဋ်)
၁၂း၀၅–၆း၀၅	တေးဂီတအစီအစဉ်
၁၂း၁၀–၆း၁၀	နိုင်ငံတကာအနုပညာရေးရာ
၁၂း၃၀–၆း၃၀	လွင်မိုးခရီးသွားနေသည် အပိုင်း(၁၀)
၁း၀၀–၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၅၅	Chelsea-Middlesbrough	ESPN(Live)
၈း၂၄	Tottenham-Newscastle	Star Sports (Live)
၉း၂၅	Liverpool-Everton	ESPN(Live)

နေပြည်တော်မဟာသကြၤန် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ

နေပြည်တော် မတ် ၂၉

နေပြည်တော်မဟာသကြၤန် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၁၃ရက်မှ ၁၅ရက်အထိ နေပြည်တော် မြို့တော်ဂေါက်ကွင်း၊ ရေပြာတပ်မတော်ဂေါက်ကွင်းနှင့် နေပြည်တော်ဂေါက်ကွင်းတို့တွင် တစ်ကွင်းတစ်ရက်စီဖြင့် သုံးရက် ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ရွှေ၊ ငွေအဆင့် အသင်းလိုက်ပြိုင်ပွဲနှင့် ရွှေ၊ ငွေအဆင့် တစ်ဦးချင်းပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး ဆုများအနေဖြင့် နေ့စဉ် ကွင်းအလိုက် ကျင်းပမည့်ပြိုင်ပွဲများတွင် အသင်းလိုက် ပထမ၊ ဒုတိယဆုများနှင့် တစ်ဦးချင်း ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမဆုများကိုလည်း ကွင်းအလိုက် ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်သည်။

ဂေါက်ကွင်းတစ်ကွင်းတွင် တစ်ရက်စီဖြင့် သုံးရက်ယှဉ်ပြိုင်ကစားပြီးပါက အကောင်းဆုံးအသင်းအတွက် နေပြည်တော်မဟာသကြၤန် Tour Gold Cup ဖလားနှင့် အားကစားသမားတစ်ဦးချင်းကိုလည်း ရွှေသားရုပ်တုတစ်ဆုနှင့် ငွေကျပ် ၁၀သိန်းစီအပြင် ဒုတိယရရှိသည့်အသင်းအား တစ်ဦးချင်း ငွေသားရုပ်တု တစ်ဆုနှင့် ငွေကျပ်ခုနစ်သိန်းစီ ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး သုံးရက်ပေါင်း တစ်ဦးချင်း အကောင်းဆုံး အားကစားသမားအား ရွှေသားရုပ်တု တစ်ဆုနှင့် ငွေကျပ် ၁၀သိန်း၊ ဒုတိယရရှိသည့် အားကစားသမားအား ငွေသားရုပ်တု တစ်ဆုနှင့် ငွေကျပ်ခုနစ်သိန်းစီ ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင် အသင်းတစ်သင်းစီတွင် အားကစားသမား ခြောက်ဦးပါဝင်ရမည်ဖြစ်ပြီး Pro အားကစားသမား နှစ်ဦးထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင် အားကစားသမားအားလုံးအနေဖြင့်လည်း အကျောပေး သတ်မှတ်ချက် (Handicap Zero)ဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲစည်းကမ်းအနေဖြင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ သတ်မှတ်ထားသော စည်းကမ်းများနှင့် ကွင်းအလိုက် သတ်မှတ်ထားသည့် ဒေသန္တရ စည်းမျဉ်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်သွားရမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသည့် ဂေါက်သီးရိုက်အားကစားသမားများ၏ အမည်စာရင်းကို ဧပြီ ၁၀ ရက် နောက်ဆုံးထား၍ နေပြည်တော် မြို့တော်ဝန်ရုံး ဖုန်း–၀၆၇–၄၁၄၆၁၀၊ ၄၁၄၂၈၉ တို့သို့ ပေးပို့သွားရမည်ဖြစ်သည်။(သတင်းစဉ်)

နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၂၉

ယနေ့နံနက်မြန်မာစံတော်ချိန် ၉ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

အမေရိကန်က အီရတ်နိုင်ငံအတွင်း ကျူးကျော်တိုက်ခိုက်မှုကြောင့် ရေနံဈေးနှုန်း ကြီးမြင့်ဟု ဗင်နီဇွဲလားသမ္မတ ပြောကြား

ရီယိုဒီဂျနေးရိုး မတ် ၂၈

အမေရိကန်က အီရတ်နိုင်ငံအတွင်း ကျူးကျော်တိုက်ခိုက်မှုသည် ရေနံဈေးနှုန်းကြီးမြင့်မှု၏ အကြောင်းတစ်ရပ်ဖြစ်ကြောင်း ဗင်နီဇွဲလားသမ္မတချာဗက်ဇ်က ကြာသပတေးနေ့တွင် ပြောကြားသည်။

ရေနံဈေးနှုန်း ကြီးမြင့်မှုအတွက် ရေနံထုတ်လုပ်သည့် နိုင်ငံများတွင် တာဝန်မရှိကြောင်း၊ သို့ရာတွင် ရေနံဈေးနှုန်းကြီးမြင့်မှုအတွက် တစ်စိတ်တစ်ပိုင်း တာဝန်ရှိသည်ဟု အပြစ်ဖို့ရမည်ဖြစ်ကြောင်း ချာဗက်ဇ်က ဘရာဇီးနိုင်ငံသို့ အလည်အပတ်သွားရောက်စဉ် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံက ရေနံဈေး ကြီးမြင့်မှုအပေါ် စိတ်ဝင်စားမှုမရှိကြောင်း၊ ရေနံဈေးနှုန်းများ တည်ငြိမ်ရန်သာ မျှော်လင့်ထားပြီး အမေရိကန်၏ စီးပွားရေးပြဿနာလည်း ဆိုးရွားလာနိုင်မည်မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အသုံးပြု

ရေနံတင်ပို့ ရောင်းချနေသည့် (အိုပက်)နိုင်ငံများအသင်းဝင် နိုင်ငံတစ်နိုင်ငံအနေဖြင့် ရေနံဈေးနှုန်း သတ်မှတ်သည့်စနစ်ကို ဦးစားပေးခဲ့ကြောင်း၊ ယင်းစနစ်ကို သုံးနှစ်အသုံးပြုခဲ့ရာ ကောင်းမွန်စွာ အလုပ်ဖြစ်ခဲ့ကြောင်း၊ သို့ရာတွင် အမေရိကန်က အီရတ်နိုင်ငံအတွင်း ကျူးကျော်တိုက်ခိုက်မှုကြောင့် ရေနံဈေးကွက်တည်ငြိမ်မှု မရှိခဲ့ကြောင်း ချာဗက်ဇ်က ပြောကြားသည်။

ပြည်ပသို့ တင်ပို့သော ရေနံပိုက်လိုင်း အီရတ်တွင် ဖောက်ခွဲခံရ

ဘဂ္ဂဒက် မတ် ၂၈

အီရတ်နိုင်ငံတောင်ပိုင်းမှ ပြည်ပသို့ ရေနံတင်ပို့နေသော အဓိကရေနံပိုက်လိုင်းနှစ်ခုအနက် တစ်ခုကို ဖျက်ဆီးရေးသမားများက ကြာသပတေးနေ့တွင် ဖောက်ခွဲလိုက်သဖြင့် ရေနံတင်ပို့မှု တစ်နေ့လျှင် စည်တစ်သန်းခန့် လျော့နည်းသွားကြောင်း တောင်ပိုင်းရေနံကုမ္ပဏီတစ်ခုက ရိုက်တာသို့ ပြောသည်။

ရေနံဆိပ်ကမ်းမြို့ ဘာဆာရာတွင် ရှီးယိုက် ခေါင်းဆောင် မော့တာဒါအယ်လ်ဆာဒါး၏ သစ္စာခံလက်နက်ကိုင်များကို အီရတ်တပ်ဖွဲ့က စစ်ဆင်တိုက်ခိုက်သည့် သုံးရက်မြောက်နေ့တွင် အဆိုပါ တိုက်ခိုက်မှုဖြစ်ပွားခြင်းဖြစ်သည်။ ဘာဆာရာမြို့၏ တောင်ဘက် ခုနစ်ကီလို မီတာအကွာတွင် ရေနံပိုက်လိုင်းကိုဖောက်ခွဲခြင်းဖြစ်ပြီး မည်သည့်အဖွဲ့၏ လက်ချက်ဖြစ်ကြောင်း ကြေညာခြင်း မရှိပေ။ အဆိုပါ တိုက်ခိုက်မှု သတင်းများ ပေါ်ထွက်လာပြီးနောက် အမေရိကန်၌ ရေနံစိမ်းတစ်စည်ကို အမေရိကန်၌ တစ်ဒေါ်လာကျော်တက်ပြီး ၁၀၇ ဒေါ်လာဖြင့် အရောင်းအဝယ် ဖြစ်သည်။

အီရတ်နိုင်ငံသည် ဖေဖော်ဝါရီလအတွင်း ဘာဆာရာ ဆိပ်ကမ်းမှ တစ်နေ့လျှင် ရေနံစည်ပေါင်း ၁ ဒသမ ၅၄ သန်းကို ပြည်ပသို့ တင်ပို့ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ချီလီနိုင်ငံ စန်တီယာဂိုမြို့တွင် ဆန့်ကျင် ဆန္ဒပြသူများအား အဓိကရုဏ်းနှိမ်နင်းရေးရဲများက ဖမ်းဆီးနေသည်ကို မတ် ၂၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘရာဇီးနိုင်ငံပိုင် လေယာဉ်တစ်စင်း အရေးပေါ်ဆင်းသက်ခဲ့ရ

ရီယိုဒီဂျနေးရိုး မတ် ၂၉

ဘရာဇီးနိုင်ငံပိုင် ခရီးသည်တင် လေယာဉ်တစ်စင်းသည် စက်ချို့ယွင်းမှုကြောင့် နိုင်ငံ၏အရှေ့မြောက်ပိုင်း ပါနမ်ဘူကိုပြည်နယ်တွင် အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း သိရသည်။ သို့သော် လေယာဉ်ပေါ် လိုက်ပါလာသူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိမှုမရှိပေ။

လေယာဉ်ပေါ်တွင် ဘရာဇီးဝန်ကြီး ဂယ်ဒယ်ဗီရာလီမာနှင့် အမျိုးသားပူးပေါင်းဆောင်ရွက်ရေးနှင့် ဆက်ဆံရေးဝန်ကြီး ဟီလုံကိုစတာတို့ လိုက်ပါလာကြပြီး ဘရာဇီးနိုင်ငံ၏ မြို့တော်ဘရာဆီးလီးယားသို့ပြန်လှည့်ခဲ့ရသည်။

လေယာဉ်မှူးသည် လေယာဉ်ကို မြေပြင်သို့ဆင်းသက်ရန် ကြိုးပမ်းစဉ် လေယာဉ်ဘီး ချမရသည့်အတွက် လေယာဉ်ကို ဝမ်းဗိုက်နှင့် မြေပြင်ရပ်တိုက်၍ အရေးပေါ်ဆင်းသက်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ဆာဒါစီးတီးမြို့တွင် အမေရိကန်တပ်ဖွဲ့များ၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသွားသော ကလေးငယ်တစ်ဦးကို မတ် ၂၇ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အမေရိကန်တွင် ရေနံအရန်သိုလှောင်မှုလျော့ပါး ကမ္ဘာ့ရေနံပေါက်ဈေး ၁၀၆ ဒေါ်လာသို့ ရောက်ရှိ

နယူးယောက် မတ် ၂၈

အမေရိကန်နိုင်ငံ၏ ရေနံနှင့် ရေနံထွက်ပစ္စည်း အရန်သိုလှောင်ထားရှိမှုမှာ ခန့်မှန်းထားသည်ထက် လျော့ပါးနေသည်ဟူသော အစီရင်ခံစာ ထွက်ပေါ်လာပြီးနောက် ကမ္ဘာ့ဈေးကွက် ရေနံပေါက်ဈေးသည် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၀၆ ဒေါ်လာကျော်သို့ ဗုဒ္ဓဟူးနေ့တွင် ပြန်လည်မြင့်တက်သွားသည်။

အမေရိကန် ရေနံဈေးကွက်တွင် ကြိုတင် ရောင်းချပေးသော ရေနံပေါက်ဈေးသည် အမြင့်ဆုံး တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၀၆ ဒသမ ၂၀ ဈေးပေါက်သွားပြီး ဈေးပိတ်ချိန်တွင် ၁၀၅ ဒသမ ၉၀ ဒေါ်လာဖြင့် အဆုံးသတ်သွားသည်။ ရေနံတစ်စည်ပေါ်တွင် ၄ ဒသမ ၆၈ ဒေါ်လာ ဈေးနှုန်းမြင့်တက်သွားခြင်းဖြစ်သည်။

လန်ဒန်မြို့ ဘရန်ရေနံစိမ်း ဈေးနှုန်းသည် တစ်စည်ပေါ်တွင် ၃ ဒသမ ၃၉ ဒေါ်လာဈေးတက်သွားပြီး တစ်စည်ရောင်းဈေးသည် ၁၀၃ ဒသမ ၉၉ ဒေါ်လာဖြင့် ဈေးပိတ်သွားသည်။

ကမ္ဘာ့ရေနံဈေးနှုန်းသည် မတ် ၁၇ ရက်က တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၁၁ ဒသမ ၈၀ ဒေါ်လာဈေးအထိ ပေါက်ခဲ့သည်။

ရေနံထွက်ပစ္စည်း လောင်စာရောင်းအားပိုင်းတွင် ကျဆင်းသွားရခြင်းမှာ လွန်ခဲ့သော နှစ်အနည်းငယ်က အမေရိကန်တွင် တိုက်ခတ်ခဲ့သော ကက်ထရီနာနှင့် ရီတာ ဟာရီကိန်းမုန်တိုင်းများကြောင့် ရေနံစက်ရုံများ ထိခိုက်ခဲ့ရ၍ ဖြစ်သည်ဟုဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

အီးယူနှင့် ကုန်သွယ်ရေးသဘောတူညီချက်ရရှိစေရန် အမေရိကန်ကဆန္ဒရှိကြောင်း မက်ကိန်း ပြောကြား

လော့စ်အိန်ဂျလိစ် မတ် ၂၉

အမေရိကန်အနေဖြင့် လွတ်လပ်သည့် ကုန်သွယ်ရေးစာချုပ်သစ် တစ်ရပ်ကို ဥရောပသမဂ္ဂဝင်နိုင်ငံများနှင့် ညှိနှိုင်းဆွေးနွေးခြင်းဖြင့် မြောက်အမေရိက လွတ်လပ်သည့် ကုန်သွယ်ရေးသဘောတူညီချက်တစ်ရပ် (နက်ဖ်တာ)ကဲ့သို့ စာချုပ် ချုပ်ဆိုသင့်ကြောင်း ရီပတ်ဘလီကန်ပါတီမှ သမ္မတလောင်း ဂျွန်မက်ကိန်းက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

မိမိအနေဖြင့် နက်ဖ်တာအတွက် ကာကွယ်ပြောဆိုရန် ဝန်မလေးသလို ယင်းကုန်သွယ်ရေး သဘောတူညီချက်ရရှိရန်အတွက် ခိုင်ခိုင်မာမာ ထောက်ခံပြောဆိုနေသူ တစ်ဦးပင်ဖြစ်ကြောင်း၊ အမှန်တကယ် အားဖြင့်ဆိုပါက မိမိတို့အကျိုးနှင့် ဥရောပသမဂ္ဂအတွင်း လွတ်လပ်သည့် ကုန်သွယ်ရေး သဘောတူညီချက်ရရှိ မည့်ကိစ္စသည် စိတ်ဝင်စားစရာကောင်းလှကြောင်း စသည်ဖြင့် မက်ကိန်းက ကမ္ဘာ့ရေးရာကောင်စီတွင် ပြောကြားသည်။

မက္ကဆီကိုနှင့် ကနေဒါက နက်ဖ်တာနှင့် ပတ်သက်၍ ပြန်လည်ညှိနှိုင်းရန် သဘောတူညီခြင်း မရှိပါက ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်းများဖြစ်သည့် ဘာရက်အိုဘားမားနှင့် ဟီလာရီကလင်တန်တို့က နက်ဖ်တာမှ ရုပ်သိမ်းမည်ဟု ခြိမ်းခြောက်ထားကြသည်။

သို့ရာတွင် အမေရိကန်က ဗြိတိန်၊ ဂျာမနီ၊ ပြင်သစ်၊ အီတလီနှင့် အခြား အီးယူနိုင်ငံများနှင့် ကြီးမားသည့် လွတ်လပ်သော ကုန်သွယ်ရေးဇုန် သဘောတူညီချက်ချုပ်ဆိုရန် မက်ကိန်းက စိတ်အားထက်သန်လျက် ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

တောင်ကိုရီးယားနိုင်ငံ၌ တောမီးလောင်ကျွမ်းပါက လေကြောင်းမှ ငြိမ်းသတ်ရေးအတွက် လေ့ကျင့်နေကြသော မီးသတ်ရဟတ်ယာဉ်များကို မတ် ၂၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘူလ်ဂေးရီးယားနှင့် တူရကီနယ်စပ်၌ ဘိန်းဖြူ ၃၈ ကီလို ဖမ်းဆီးရမိ

ဆိုဖီယာ မတ် ၂၈

ဘူလ်ဂေးရီးယားနိုင်ငံ အကောက်ခွန်အရာရှိများက တူရကီတပ်ဖွဲ့များနှင့် အတူ မယ်လ်ကိုတာနိုဗိုနယ်စပ်စစ်ဆေးရေးဂိတ်၌ မတ် ၂၆ ရက်က ဘိန်းဖြူ ၃၈ ကီလိုကို ဖမ်းဆီးရမိကြောင်း ဆိုဖီယာသတင်းဌာနက ကြာသပတေးနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါနယ်စပ်ဂိတ်တွင်ဘူလ်ဂေးရီးယားနိုင်ငံသို့သွားသော ဘတ်စ်ကားတစ်စီး၏ ဦးပိုင်းတွင် သိုဝှက်၍ သယ်ဆောင်လာသော မူးယစ်ဆေးဝါးအထုပ် ၄၀ ကို တာဝန်ရှိသူများက ရှာဖွေတွေ့ရှိခဲ့သည်။

ယင်းတာဝန်ရှိသူများ၏ အဆိုအရ ဖမ်းဆီးရမိသော ဘိန်းဖြူတန်ဖိုးမှာ ယူရိုငွေလေးသန်းကျော် ဖြစ်သည်။

ဘတ်စ်ကားမှ တူရကီယာဉ်မောင်းအား ဖမ်းဆီးထားပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ ဘူလ်ဂေးရီးယားနိုင်ငံသည် အာရှနှင့် အရှေ့အလယ်ပိုင်းမှ အနောက်ဥရောပသို့ မူးယစ်ဆေးဝါးမှောင်ခိုများ သယ်ယူရာ အဓိကလမ်းကြောင်း တစ်ခုဖြစ်လျက်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေး ရှေးသာသနာပြုမင်းအဆက်ဆက်မှ ယခုမျက်မှောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်အထိ ဆရာ၊ ဒကာ လက်တွဲညီစွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိ

သတင်းဆောင်းပါး – မောင်မောင်ထွေး(သတင်းစဉ်)၊ ဓာတ်ပုံ – မြန်မာ့သတင်းစဉ်

၁၃၆၉ ခုနှစ် တပေါင်းလပြည့်နေ့က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပစဉ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ထေရဝါဒ ဗုဒ္ဓသာသနာတော် အရှည်တည်တံ့ထွန်းကားရာ နိုင်ငံဖြစ်သည်။ မျက်မှောက်ခေတ် ထေရဝါဒ ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရာ နိုင်ငံများအလယ်တွင်လည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ထေရဝါဒဗုဒ္ဓသာသနာတော်နှင့် စပ်လျဉ်းလျှင် ရှေ့တန်းအကျဆုံး ခံတပ်သဖွယ်တည်ရှိသော နိုင်ငံတစ်နိုင်ငံအဖြစ် သမိုင်းပညာရှင်များက သတ်မှတ်ထားပေသည်။

ထိုသို့ ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီး နေရောင်လရောင်ပမာ နိုင်ငံတော်အတွင်း ထွန်းလင်းတောက်ပပြန့်ပွားရခြင်းမှာ သံဃာ့အဖွဲ့အစည်းဝင် သံဃာတော် အရှင်သူမြတ်တို့သည် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးကို ဘုရားရှင်လက်ထက်တော်မှစ၍ ယနေ့မျက်မှောက်ခေတ် နှစ်ပေါင်း ၂၅၅၁နှစ်သို့တိုင်အောင် ခေတ်အဆက်ဆက် လက်ဆင့်ကမ်းထမ်းဆောင်တော်မူလာကြခြင်းက တစ်ကြောင်း၊ ရှေးသာသနာပြုမင်းအဆက်ဆက်မှသည် မျက်မှောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်အထိ ဆရာ၊ ဒကာ လက်တွဲညီညာစွာ သာသနာတော်မြတ်ကြီးကို ချီးမြှောက်ကြိုးပမ်းဆောင်ရွက်မှုကြောင့်တစ်ကြောင်း၊ နိုင်ငံသူ၊ နိုင်ငံသားတို့၏ အမျိုး၊ဘာသာ၊ သာသနာအပေါ် သဒ္ဓါတရားဦးထိပ်ထား၍ ကော်ရော်ပူဇော် အလေးထား ကြည်ညိုခဲ့ကြခြင်းကလည်း တစ်ကြောင်း စသည်တို့ကြောင့် ဖြစ်သည်။

သို့သော် ကိုလိုနီနယ်ချဲ့တို့၏လက်အောက်သို့ မြန်မာနိုင်ငံ ကျရောက်စဉ်ကမူ လောကဓံဆိုးများကြောင့် အချို့သော သာသနာ့ဝန်ထမ်း၊ ရဟန်းသာမဏေများသည် သာသနာ့စိတ်ဓာတ်ပျက်ပြားကာ ဝိနည်းသိက္ခာပုဒ်တော်များကို လေးလေးစားစား မကျင့်တော့ဘဲ မိစ္ဆာဇီဝ အနေသနမှုတို့ကို ပြုလုပ်ခြင်း၊ သာသနာ့စင်ပြိုင်အဖွဲ့အစည်းများ တည်ထောင်ခြင်း စသည့် သာသနာ့အန္တရာယ်များ ပေါ်ပေါက်လာ၍ ထေရဝါဒ ဗုဒ္ဓသာသနာတော်သည် ညှိုးမှိန်မှုနှင့် ကြုံခဲ့ရသည်။ ဗုဒ္ဓဘာသာဝင် နိုင်ငံသူ၊ နိုင်ငံသားတို့၏ စိတ်နှလုံးသည်လည်း စိုးရိမ်သောက ဗျာပါဒတို့ဖြင့် ညှိုးနွမ်းမတတ် ခံစားခဲ့ရဖူးသည်။

ထို့ကြောင့် ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီး အစဉ်သန့်ရှင်း တည်တံ့ပြန့်ပွားရေးအတွက် နိုင်ငံတော်အစိုးရ၏ ကူညီပံ့ပိုးမှုဖြင့် ပြည်နယ်နှင့်တိုင်းအသီးသီး၊ ဂိုဏ်းအသီးသီးတို့မှ သာသနာ့ဦးသျှောင် ဆရာတော်ကြီးများသည် သံဃသမ္မုတိရ သံဃာကိုယ်စားလှယ် (၁၂၁၈)ပါးတို့ တက်ရောက်ကြသည့် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကို ၁၉၈၀ ပြည့်နှစ်တွင် ကျင်းပကာ "သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း" နှင့် "လုပ်ထုံးလုပ်နည်းများ" ကို အတည်ပြု ပြဋ္ဌာန်းတော်မူကြပြီးလျှင် ယင်းအခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ရပ်ကွက်၊ ကျေးရွာအဆင့်မှ နိုင်ငံတော်အဆင့်ထိ သံဃာ့ဝန်ဆောင်၊ သံဃနာယက အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းလျက် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးဟူသော သာသနာ့ကိစ္စအဝဝကို ယနေ့ကာလတိုင်အောင် ဆရာ၊ ဒကာ လက်တွဲညီညာစွာ ဆောင်ရွက်ခဲ့ကြသည်။

ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားတွင် ဘွဲ့တံဆိပ်တော်ချီးမြှင့်ခြင်းခံရသည့် လူပုဂ္ဂိုလ်များအား တွေ့ရစဉ်။

၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် ခေတ်အဆက်ဆက်က ဆက်ကပ်အပ်နှင်းခဲ့သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များအပြင် သာသနာတော်ဆိုင်ရာ ကဏ္ဍစုံပါဝင်သည့် ဘွဲ့တံဆိပ်တော်အမျိုးပေါင်း ၂၀ တို့ကို တီထွင်ပြဋ္ဌာန်း၍ ဆက်ကပ်အပ်နှင်းကာ သာသနာတော်မြတ်ကြီးကို နေရောင်လရောင်ပမာ ပိုမိုထွန်းကား ပြန့်ပွားလာစေရန် ကြိုးပမ်းခဲ့သည်။

၁၉၉၂ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ ၁၆နှစ်အတွင်း ရဟန်းသံဃာ၊ သီလရှင်၊ လူပုဂ္ဂိုလ် အမျိုးသား၊ အမျိုးသမီးပေါင်း (၄၂၆၃)ဦးတို့ကို သာသနာတော်ဆိုင်ရာ ကဏ္ဍစုံပါဝင်သော ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်အပ်နှင်းခဲ့သည်။

အလားတူ ၂၀၀၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ (လွတ်လပ်ရေးနေ့)တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမိန့်ကြော်ငြာစာ (၁/၂၀၀၈)ဖြင့် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး သုံးပါး၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ခြောက်ပါး၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၂၈ ပါး၊ သာသနာပြုဘွဲ့တံဆိပ်တော်ရ ဆရာတော် ၁၀၃ပါး၊ ဓမ္မကထိကဘွဲ့တံဆိပ်တော်ရ ဆရာတော် ရှစ်ပါး၊ ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရ ဆရာတော် ၃၁ပါး၊ စာချဘွဲ့တံဆိပ်တော်ရ ဆရာတော် ၁၅၆ပါး၊ စာချဘွဲ့တံဆိပ်တော်ရ သီလရှင် ၁၄ပါး၊ သာသနာပြုဘွဲ့တံဆိပ်တော်ရသီလရှင် ခြောက်ပါး၊ သာသနာပြုဘွဲ့တံဆိပ်တော်ရ အမျိုးသား သုံးဦး၊ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်တော်ရအမျိုးသား ၃၆ဦးနှင့် သာသနာနုဂ္ဂဟဘွဲ့တံဆိပ်တော်ရ အမျိုးသမီး ၄၄ဦး စုစုပေါင်း သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ပုဂ္ဂိုလ် ၄၃၈ဦးတို့ကို ထုတ်ပြန်ကြေညာကာ မတ်လ ၂၁ရက်နေ့ (တပေါင်းလပြည့်နေ့)တွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးလိုဏ်ဂူတော်ကြီး၌ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များနှင့် သာသနာနုဂ္ဂဟ သာသနာပြုဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ခမ်းနားသိုက်မြိုက်စွာ ဆက်ကပ်လှူဒါန်းအပ်နှင်း၍ ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ခဲ့သည်။

တိုင်းပြည်အတွက်ဆို အမြဲအဆင်သင့်

မောင်အောင်(မွေးကု)

တကယ်တော့ ကျွန်တော်မချမ်းသာပါ။ ချမ်းသာချင်၍ စစ်ထဲသို့ ဝင်ခဲ့ခြင်းမဟုတ်ပါ။ စစ်ထဲမဝင်ခင်က မချမ်းသာခဲ့သော ကျွန်တော်သည် စစ်သက်(၂၆)နှစ်ရပြီး တပ်မတော်မှ အငြိမ်းစားယူခဲ့သော ယနေ့ကာလတွင်လည်းမချမ်းသာပါ။ ဒါပေမယ့် ကျွန်တော်မဆင်းရဲပါ။ လူတန်းစေ့နေနိုင်ပါသည်။ မချမ်းသာ၍ ကျွန်တော်နောင်တမရပါ။ တိုင်းပြည်အတွက်၊ တပ်မတော်အတွက် လုပ်သင့်လုပ်ထိုက်တာ ကျွန်တော်လုပ်နိုင်ခဲ့၍ ကျေနပ်ပါသည်။

လူ့ဘဝကို တိုတိုကလေးဟု ကျွန်တော်ခံယူပါသည်။ ကျွန်တော်တို့ အသက်ရှင်နေထိုင်ခဲ့ရသည့် လူ့ဘဝတွင် တိုင်းပြည်အတွက်၊ တပ်မတော်အတွက် တစ်ထောင့်တစ်နေရာမှ တာဝန်ကျေပွန်သင့်သည်ဟုပင် ကျွန်တော်ခံယူပါသည်။ ချမ်းသာစရာမလိုပါ။ ကျော်ကြားစရာမလိုပါ။ သည်လိုပြော၍ လူသာမန်တို့ ရလိုသည့်ဆန္ဒများကို မျက်စိစုံမှိတ်ပြီး ကျွန်တော်မရလိုခြင်းဟု ပြောလိုရင်းမဟုတ်ပါ။

ကျွန်တော်လည်း ပုထုဇဉ်လူသာမန်ဖြစ်ပါသည်။ ကျွန်တော်ချမ်းသာချင်ပါသည်။ ကျော်ကြားချင်ပါသည်။ သမ္မာအာဇီဝဖြင့် တိုင်းပြည်အတွက်အကျိုးပြုလုပ်ငန်းများ လုပ်၍ချမ်းသာချင်ပါသည်။ ကျော်ကြားချင်ပါသည်။ စွန့်လွှတ်စွန့်စား၍၊ တိုင်းပြည်အတွက် သက်စွန့်ကြိုးပမ်းထမ်းဆောင်၍၊ ပြည်သူအတွက် စွန့်လွှတ်အနစ်နာခံ၍ ကျော်ကြားသည်မျိုးဖြင့် ကျော်ကြားချင်ပါသည်။

၂၄-၃-၂၀၀၈ရက်နေ့။ ၁၉း၃၀နာရီခန့်

ရုံးကပြန်ခဲ့ပြီး ထမင်းမစားမီ မြန်မာ့ရုပ်မြင်သံကြားဖွင့်ကြည့်ဖြစ်ပါသည်။ ရုံးတာဝန်ထမ်းဆောင်နေသူဖြစ်ပြီး မိသားစုနယ်ပြန်သွား၍ တစ်ယောက်တည်းဖြစ်နေပါသည်။ သည်တီဗွီကလေးသာ ကျွန်တော့်အဖော်။ တပ်မတော်သားဘဝ ရှေ့တန်းမှာတုန်းက ရေဒီယိုလေးသည် ကျွန်တော့်အဖော်ဖြစ်ခဲ့ဖူးပါသည်။ အခုတော့လည်း တီဗွီကလေးက ကျွန်တော့်အဖော် ဖြစ်နေပါသည်။

ဇာတ်ကားနာမည်မသိလိုက်ပါ။ တစ်ပိုင်းတစ်စဖွင့်၍ ကြားဖြတ်ကြည့်မိခြင်းဖြစ်ပါသည်။ ဇာတ်လမ်းက ရှေ့တန်းတွင်ကျဆုံးသွားသည့် ရဲဘော်များသတင်းကို တပ်ရေးဗိုလ်ကြီးနှင့် တပ်ရင်းမှူး၏ဇနီးက တပ်တွင်းအိမ်ထောင်သည်လိုင်းများသို့ လိုက်လံအသိပေးသည့် အခန်းဖြစ်ပါသည်။ တပ်ရင်းမှူးကတော်က မေသဉ္ဇာဦးဖြစ်ပါသည်။ တပ်ကြပ်ကြီး ဇနီးက ပန်းဖြူဖြစ်ပါသည်။

သာမန်အားဖြင့် တပ်ရင်းမှူး၏မာဇဒါဂျစ် တပ်ရင်းမိသားစုအိမ်ထောင်သည်လိုင်းအတွင်း လာရောက်လည်ပတ်လျှင် မိသားစုအားလုံးပျော်ပါသည်။ ကလေးတွေပြေးလာကြသည်။ ရဲမေများ အပြေးအလွှားကြိုဆိုနှုတ်ဆက်ကြသည်။ "တပ်မှူးနှင့် တပ်မှူး၏ဇနီးသည် တပ်မိ၊ တပ်ဖ"ဟူ၍ တပ်မိသားစုများက ခံယူကြသည်။ သို့ဖြစ်၍ တပ်မတော်အတွင်း ချစ်ကြည်ရင်းနှီးမှု၊ ပေါင်းသင်းဆက်ဆံမှုသည် တစ်မူထူးခြားနေပါသည်။

တပ်တွင် တာဝန်ထမ်းဆောင်ခဲ့စဉ် မိုးမလင်းခင် မိသားစု လိုင်းဘက်သို့ ကျွန်တော်တို့ လမ်းလျှောက်ထွက်လေ့ရှိသည်။ ကိုယ့်မိသားစုတွေ ဘယ်လိုနေသည်၊ ဘာချက်စားသည်၊ ဘာတွေလုပ်နေသည်ကို ကျွန်တော်တို့တပ်ရေးဗိုလ်ကြီး၊ ဌာနချုပ်တပ်ခွဲမှူး၊ ဒုတပ်ရင်းမှူး၊ တပ်ရင်းမှူး တာဝန်ထမ်းဆောင်ချိန်တွင် လှည့်ပတ်ကြည့်ရှုသည်။ အိမ်ထောင်သည်လိုင်း ရှုပ်ပွနေလျှင် ရဲမေတွေကို ကျွန်တော်တို့ပြောသည်။ ကလေးတွေ ကျန်းကျန်းမာမာရှိစေရန်၊ သန့်သန့်ရှင်းရှင်းသပ်သပ်ရပ်ရပ်နေထိုင်ကြရန်၊ ဆယ်မျိုးဆယ်ဘောင် စိုက်ပျိုးရန်ကအစ ကျွန်တော်တို့ပြောခဲ့သည်။ ထိုသို့ပြောသဖြင့် တပ်မိသားစုများက ကျွန်တော်တို့အပေါ် မျက်နှာထားမညို၊ အမုန်းမပို၊ မိဘနှင့်သားသမီး ဆက်ဆံပြောဆို၊ ဆုံးမပုံမျိုးဖြစ်၍ ချစ်ကြောက်ရိုသေလေးစားကြသည်။ တပ်မတော်တွင် တပ်ရင်းမှူးကို "အဘ"ဟုခေါ်ခြင်းသည် အသက်ကြီးရင့်၍ ခေါ်ခြင်းမဟုတ်။ "အဖ" အနေဖြင့် လေးစား၍ ခေါ်ခြင်းဖြစ်သည်။

တီဗွီဇာတ်လမ်းကို ပြန်၍ဆက်ပါမည်။ တပ်ရင်းမှူး၏ဇနီးကို သာမန်အချိန်မျိုးတွင် အမိကဲ့သို့ နှစ်လိုကြသောရဲမေများသည် တစ်အိမ်က အော်ငိုပြီးနောက်ပိုင်းတွင် မိမိတို့ အိမ်ရှေ့သို့ တပ်ရင်းမှူး၏ဇနီး စောင်းငဲ့၍ မကြည့်စေလိုပါ။ သို့သော် တပ်ရင်းမှူး၏ဇနီးသည်လည်း သားသေဆုံးသည့်မိခင်ပမာ ကျဆုံးစစ်သည်၏ဇနီးကို သမီးရင်းကဲ့သို့ နှစ်သိမ့်ရန် တစ်အိမ်တက်တစ်အိမ်ဆင်းသွားရပါသည်။ အကြောင်းကြားရပါသည်။ ရဲမေများ ပူဆွေးဝမ်းနည်းသကဲ့သို့ ရင်နှင့်အမျှခံစား၍၊ သားသမီးများ၏ အပူကို ကိုယ့်အပူကဲ့သို့ မျှဝေခံစား၍ ဖွင့်ဟပြောဆိုခဲ့ရပါသည်။

ကျွန်တော် တပ်ရင်းမှူးတာဝန် ထမ်းဆောင်စဉ်က အခြေအနေအရပ်ရပ်ကြောင့် ကျွန်တော့်တပ်ရင်းမှ ကျဆုံးစစ်သည်မရှိခဲ့ပါ။ တပ်ရင်းမိသားစုအိမ်ထောင်သည်လိုင်းသို့ ယခုကဲ့သို့ လိုက်၍ ပြောခဲ့ရမှု မရှိခဲ့ပါ။ ရဲမေများ၏အပူကို မိမိအပူအဖြစ် မျှဝေခံစားရခြင်းမရှိခဲ့ပါ။

ပင်လုံတွင် ဒုတိယတပ်ရင်းမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရစဉ်က ဤအပူမျိုးကို ခါးခါးသီးသီးခံစားခဲ့ရပါသည်။ တစ်ခါတစ်ခါတွင် ဥမမယ်စာမမြောက်ကလေးငယ်များဖြင့် ကျန်ရစ်ခဲ့ကြသည့် သားသမီးများကို ကြည့်၍ သူတို့အပူက ကိုယ့်ကိုပို၍ပင် ပူစေခဲ့ပါသည်။ သူတို့ခံစားရသည်ထက် ကိုယ်ကပင် ပို၍ခံစားခဲ့ရပါသည်။

သို့သော်လည်း **ကျွန်တော်တို့သည် ကိုယ့်မြေ၊ကိုယ့်ရေကိုချစ်ပါသည်။ တိုင်းတစ်ပါးသား ကျူးကျော်လွှမ်းမိုးမှု ခေါင်းငုံ့မခံ တုံ့ပြန်တွန်းလှန်တရားသောစစ်ကို ဆင်နွှဲချင်ပါသည်။ ဒီမြေမှာမွေး ဒီရေကိုသောက်သည့် ဒီကျေးဇူးတွေကိုထောက်၍ ကျွန်တော်တို့ တပ်မတော်သားများသည် "သစ်ငုတ်ကိုသင်ဖြူး ဆူးကိုမွေ့ရာ"ပမာထားပြီး ကိုယ့်နိုင်ငံကိုယ့်လူမျိုး ကိုယ့်အမိမြေအတွက် တိုက်ပွဲဝင်ခဲ့ကြပါသည်။ တရားသော စစ်ကို ဆင်နွှဲရင်း "ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန်" အဓိဋ္ဌာန်ပြုခဲ့ကြပါသည်။**

သို့ဖြစ်၍လည်း ကျွန်တော်တို့ မြန်မာနိုင်ငံသည် ထီးကျိုးစည်ပေါက် သူ့ကျွန်ဘဝ ရောက်ခဲ့ကြရသော်လည်း ကျွန်တော်တို့ တစ်မျိုးသားလုံးသည် မျိုးချစ်စိတ်အပြည့်အဝဖြင့် **"သူ့ကျွန်အဖြစ်နှံ့နစ်မခံ"** နယ်ချဲ့ဗြိတိသျှကို တော်လှန်ခဲ့ပါသည်။ ဖက်ဆစ်ကို တိုက်ထုတ်ခဲ့ကြပါသည်။ သို့ဖြစ်၍လည်း မျိုးချစ်စိတ်ပြည့်ဝသူများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည့် အမိမြန်မာနိုင်ငံသည် လွတ်လပ်ရေးအောင်ပန်းကို ဆင်မြန်းနိုင်ခဲ့ပါသည်။

မျိုးချစ်စိတ်ပြည့်ဝသူအများစုဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော ကျွန်တော်တို့ မြန်မာနိုင်ငံသည် မျိုးချစ်စိတ်ပြည့်ဝသည့်၊ ဆန္ဒအလျောက် တိုင်းပြည်တာဝန်ကို ထမ်းဆောင်လိုကြသော မျိုးချစ်စစ်သားများဖြင့် ဖွဲ့စည်းထားသည့် မျိုးချစ်တပ်မတော်၏ ထိန်းသိမ်းစောင့်ရှောက်မှုဖြင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို (၆၃)နှစ်တိုင်တိုင် ကာကွယ်စောင့်ရှောက် ထိန်းသိမ်းထားနိုင်ခဲ့ခြင်းဖြစ်ပါသည်။

လွတ်လပ်သော၊ အဆင့်မြင့်သော၊ ဒီမိုကရေစီပြည့်ဝသည်ဟုဆိုသော နိုင်ငံအချို့တွင် ၎င်းတို့နိုင်ငံ၏ စစ်မှုရေးရာများအတွက် စစ်မှုမထမ်းမနေရ ဥပဒေပြဋ္ဌာန်းပြီး ၎င်းတို့နိုင်ငံ၏ တပ်မတော်အင်အား ပြည့်ဝရေးကို ကျားကန်နေကြရပါသည်။

ကျွန်တော်တို့ နိုင်ငံကို နိုင်ငံကြီးအချို့က ဒီမိုကရေစီ မပြည့်ဝဟု ပြောနေကြသော်လည်း ပြောနေကြသည့် နိုင်ငံများကဲ့သို့ ကျွန်တော်တို့ နိုင်ငံတွင် စစ်မှုမထမ်းမနေရ ဥပဒေမပြဋ္ဌာန်းထားသေးပါ။ ကျွန်တော်တို့ မြန်မာများသည် ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးအတွက် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်ရန် ကိုယ့်ဆန္ဒအလျောက် ကိုယ့်တပ်မတော်အတွက် ကိုယ့်ဘာသာ စစ်မှုထမ်းဆောင်နေကြပါသည်။

မျိုးချစ်စိတ်ကို အရင်းတည်၍ ဖွဲ့စည်းခဲ့သည့် ကျွန်တော်တို့ မြန်မာ့တပ်မတော်သည်လည်း နိုင်ငံနှင့်လူမျိုးအကျိုးကို ဆက်လက်သယ်ပိုးနိုင်ရန်အတွက် အင်အားတောင့်တင်းခိုင်မာသည်ထက် ခိုင်မာလာပြီး နိုင်ငံတော်သစ်ဆီသို့ ဦးတည်လျှောက်လှမ်းရာတွင် အဓိကအခန်းမှ ပါဝင်လျက်ရှိနေပါပြီ။

ကျွန်တော် အသက်(၅၅)နှစ်ရှိပါပြီ။ တပ်မတော်မှ အငြိမ်းစားယူခဲ့ပြီးနောက် နယ်ဘက်တာဝန် ထမ်းဆောင်လျက်ရှိသော်လည်း ကျွန်တော် သန်ပါသေးသည်။ စွမ်းပါသေးသည်။ လိုအပ်လျှင် ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးအတွက် စစ်မှုထမ်းဆောင်ရန် ကျွန်တော် အမြဲအသင့် ဖြစ်နေပါသေးသည်။

> **ကျွန်တော်တို့နိုင်ငံကို နိုင်ငံကြီးအချို့က ဒီမိုကရေစီမပြည့်ဝဟု ပြောနေကြသော်လည်း ပြောနေကြသည့် နိုင်ငံများကဲ့သို့ ကျွန်တော်တို့နိုင်ငံတွင် စစ်မှုမထမ်းမနေရဥပဒေ မပြဋ္ဌာန်း ထားသေးပါ။ ကျွန်တော်တို့ မြန်မာများသည် ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးအတွက် ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ရန် ကိုယ့်ဆန္ဒ အလျောက် ကိုယ့်တပ်မတော်အတွက် ကိုယ့်ဘာသာ စစ်မှု ထမ်းဆောင်နေကြပါသည်။**

(၆၃)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု သန်လျင်စည်ပင်ကျေးလက်မြေသားလမ်းဖွင့်

ရန်ကုန် မတ် ၂၉

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်ခဲ့သည့် ကရင်ဆိပ်–ချောင်းစောက် ကျေးလက်မြေသားလမ်း ဖွင့်ပွဲအခမ်းအနားကို မတ် ၂၃ရက်က ကျင်းပရာ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ကျေးရွာနေပြည်သူများ တက်ရောက်ကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘိုထွန်း၊ အဖွဲ့အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦး၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်မင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

(မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၀-၃-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မျိုးချစ်တပ်မတော်
၁၂း၂၀	၄။	သာယာသီကြွေးခေတ်ဆန်းတေး
၁၂း၃၀	၅။	**မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်**
၁း၅၀	၆။	အမျိုးသားရေးတေးကဗျာ
၁း၅၅	၇။	အပိတ်နှုတ်ဆက်စကား
၂း၀၀	၈။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၁၅	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၂၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၄း၄၅	၆။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၀၀	၇။	သံစဉ်များနှင့်ကမ္ဘာ
၆း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၉။	နိုင်ငံတကာသတင်း
၆း၂၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၁။	အနုံသြဖွယ်ရာဆပ်ကပ်ပညာ
၆း၄၅	၁၂။	လျှပ်တစ်ပြက်
၇း၀၀	၁၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း** –ရာဇဝင်တွင်တဲ့သူရဲကောင်း အပိုင်း (၄၉)
၈း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	ပဟေဠိနန်းတော်
	၁၈။	ကျန်းမာသုတ
	၁၉။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၀။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သွေးသစ္စာအား (အပိုင်း–၄)**
	၂၁။	သင့်အတွက်မနက်ဖြန်
	၂၂။	အပိတ်နှုတ်ဆက်စကား
	၂၃။	ပြီးပါပြီ။

ကုန်စည်ဒိုင်များ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကျင်းပ

နေပြည်တော် မတ် ၂၉

ကုန်စည်ဒိုင်များ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကို မတ် ၂၄ ရက်တွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီများမှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ စီးပွားရေးတက္ကသိုလ် ရန်ကုန်မှ ဒုတိယပါမောက္ခချုပ်၊ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ညီနောင်အသင်းအဖွဲ့များမှဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ဖွင့်လှစ်ပြီး ကုန်စည်ဒိုင်များဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ မြင်းခြံ၊ မုံရွာ၊ မကွေး၊ ပခုက္ကူ၊ တောင်ကြီး၊ အောင်ပန်း၊ မူဆယ်၊ လားရှိုး၊ ကျောက်မဲ၊ မအူပင်၊ ညောင်တုန်း၊ ဓနုဖြူ၊ ကျုံပျော်၊ ရေကြည်(ငသိုင်းချောင်း)၊ ဇလွန်၊ ဟင်္သာတ၊ မြိတ် ကုန်စည်ဒိုင်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက အဖွင့်အမှာစကားပြောကြားပြီး ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူတို့က လုပ်ငန်းများနှင့်စပ်လျဉ်း၍ အသေးစိတ် ဆွေးနွေးညှိနှိုင်းကြသည်။

ကုန်စည်ဒိုင်များ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ မှ ရရှိသည့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ လက်ငင်းအကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်နိုင်ရေး အတွက် လစဉ်ပုံမှန်အစည်းအဝေးများ ကျင်းပသွားမည်ဖြစ် ကြောင်း သိရှိရသည်။

(သတင်းစဉ်)



ဦးဖိုးသန့်၊ ဒေါ်အေးတင်၊ ဒေါ်သိန်းမြနှင့် ဒေါ်ငွေရှင်တို့အား ရည်စူး၍ တောင်ဥက္ကလာပမြို့နယ် (၇) ရပ်ကွက် ဖြဟ္မစိုရ်လမ်းနေ ဦးအောင်သိန်း၊ ဒေါ်ကျင်သန်း မိသားစုက တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော်မြောက်ဘက် ရင်ပြင် အာရုံခံတန်ဆောင်းတည်ဆောက်ရန် အလှူငွေကျပ် တစ်သိန်းကို ဂေါပက အဖွဲ့အတွင်းရေးမှူး ဦးမျိုးဝင်းနှင့် တွဲဖက်အတွင်းရေးမှူး ဦးကိုရည်တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ယာဉ်အန္တရာယ် ကင်းရှင်းရေး စစ်ဆေးပညာပေး

ရန်ကုန် မတ် ၂၉

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ခရိုင်ရုံး(ဟင်္သာတ)မှ ခရိုင်ဦးစီးမှူး ဦးအုန်းရွှေသည် မတ် ၂၅ ရက်တွင် ဟင်္သာတမြို့ ရွှေကမ္ဘာကားဂိတ်၌ ဟင်္သာတမှ ရန်ကုန်သို့ ပြေးဆွဲနေသော ခရီးသည်တင် အငှားဘတ်စ်ကားကြီးများအား စစ်ဆေးပြီး ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များနှင့် တွေ့ဆုံ၍ ခရီးသွားပြည်သူများ လိုက်ပါစီးနင်းမှု ချောမွေ့အဆင်ပြေရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်အင်္ဂါရပ် စည်းကမ်းချက်များ ညီညွတ်စေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာများ ဟောပြောခဲ့ပြီး ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်တင်တင်ဝင်းက လုပ်ငန်းလိုင်စင်နှင့် ဆက်စပ်သည့်ကိစ္စများကို ရှင်းလင်း ဟောပြောသည်။**(အောက်ပုံ)**

(ကုန်းလမ်းပို့ဆောင်ရေး)

မတ် ၂ ရက်က Royal Garden Restaurant ၌ ကျင်းပသော ထားဝယ်အသင်း နှစ်ပတ်လည်အစည်းအဝေးတွင် ဥက္ကဋ္ဌ ဦးခင်စိုးက အလှူငွေ ကျပ် ၅၉၀၅၀၀၀ ပေးအပ်လှူဒါန်းရာ ဦးဆောင်နာယက ဦးလှတင် လက်ခံယူစဉ်။ (က–ပ)

ဘုန်းတော်ကြီးသင် သုံးထပ်ကျောင်းဆောင်သစ်အတွက် အလှူတော်ငွေများ လှူဒါန်းနိုင်

ရန်ကုန် မတ် ၂၉

တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် သီရိမင်္ဂလာဘုန်းတော်ကြီးသင် ပညာရေးကျောင်း သုံးထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် အလှူငွေများ ဆက်သွယ်လှူဒါန်းလျက်ရှိရာ မေတ္တာညွန့်ရပ်ကွက် စပယ်လမ်းမှ မိခင်ဒေါ်မြရီအား ရည်စူး၍ သမီး ဒေါ်ခင်အေးသွင် မိသားစုက ငွေကျပ်နှစ်သိန်း၊ စပယ်လမ်းမှ ဦးတင်အေး ဒေါ်ခိုင်ညွန့်မိသားစုကငွေကျပ်တစ်သိန်း၊ ဦးအောင်ကျော်စိုး၏ (၃၃)နှစ်မြောက် မွေးနေ့အတွက်ငွေကျပ်တစ်သိန်း၊ဇာတိဂုဏ်လမ်းမှ ဒေါ်တင်ကြိုင်မိသားစုက ငွေကျပ်တစ်သိန်း၊ သုဝဏ္ဏမှ ဒေါ်ခင်စိုးဝင်းမိသားစုက ငွေကျပ်တစ်သိန်း၊ မေတ္တာညွန့်ရပ်ကွက် ဝဏ္ဏသိင်္ဂီလမ်းမှ ဦးစံမြင့်–ဒေါ်တင်အေး မိသားစုက ငွေကျပ် ငါးသောင်းနှင့် မေတ္တာညွန့်ရပ်ကွက် ဖေယျာသုခလမ်းမှ ဦးမြင့်ဆွေ–ဒေါ်သန်းသန်းမိသားစုက ငွေကျပ် ငါးသောင်းတို့ကို လာရောက်လှူဒါန်းကြကြောင်း ကျောင်းဆောင်သစ်အတွက် မတည်ငွေများ လိုအပ်လျက်ရှိရာ ဖုန်း–၅၄၅၈၃၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

မန္တလေးမြို့ (ညောင်ကန်) အရှင်ဣန္ဒက၏ ဓမ္မသဘင်

ရန်ကုန် မတ် ၂၉

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ညောင်ကန်တိုက် ဓမ္မမာမကကျောင်း ဆရာတော် (ညောင်ကန်) အရှင်ဣန္ဒက (ဓမ္မကထိက၊ ဗဟုဇနဟိတရေ၊ မလွန်ဈေးဆန်လှူအသင်းကြီး၏ နယ်လှည့်ဓမ္မကထိက)သည် ဧပြီ ၄၊ ၅ ရက်များတွင် တောင်ငူ ထန်းတပင် မလွန်ဆန်လှူရေစက်ချ၊ ၁၁ ရက်တွင် မန္တလေး ချမ်းမြသာစည်မြို့နယ် ကံသာယာ ဖ/၈–၉ ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း နှစ်ပတ်လည် အကြိုတရားပွဲ၊ ၁၃ ရက်တွင် မန္တလေးမြို့ မြင်းဝန်မင်းကြီးကျောင်းတိုက် ပြည်ကျောင်း သင်္ကြန်တွင်းတရားပွဲ၊ ၁၄ ရက်တွင် ညောင်ကန်တိုက် အမတမဂ္ဂဓမ္မသဘင်နေ့ပွဲနှင့် ညပိုင်းတွင် ပုသိမ်ကြီးမြို့နယ် သရက်တပင်ရွာ ဦးမြင့်သိန်း–ဒေါ်ကြီးညိုတို့၏အလှူ၊ ၁၅ ရက်တွင် မန္တလေး မဟာအောင်မြေမြို့နယ် ညောင်ကိုးပင် တရားစခန်း၊ ၁၆ ရက်တွင် ဘုရားကြီး ဆုတောင်းပြည့်ဓမ္မသဘင် (နေ့)ပွဲနှင့် မြစ်ငယ်စာတိုးရွာ သင်္ကြန်အတက်နေ့ ဓမ္မသဘင်တို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်မည် ဖြစ်သည်။ ဓမ္မသဘင်ကျင်းပလိုပါက ဖုန်း–၀၁ ၅၃၆၇၃၅၊ ၀၂–၃၉၂၄၀၊ ၀၂–၆၄၆၈၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

ဓမ္မဝိဟာရီကျောင်းတိုက် တရားစခန်းပွဲ

ရန်ကုန် မတ် ၂၉

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ်ပုရွက်ဆိတ်ကုန်းရပ်ကွက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ် (၄၂၈)ဓမ္မဝိဟာရီကျောင်းတိုက်၌ အဖွဲ့ချုပ် ဓမ္မကထိကဘဒ္ဒန္တပဏ္ဍိတ (ဒွိပိဋက ကဓရ)နှင့် ဘဒ္ဒန္တဝိသာရဒ (သာသနဓဇ ဓမ္မာစရိယ)၊ ဘဒ္ဒန္တဇနက (မန္တလေး) ဆရာတော်တို့ကြီးမှူး၍ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဧပြီ ၁၀ရက်မှ ၁၆ရက်အထိ ခုနစ်ရက်တရားစခန်း ဖွင့်လှစ်ဟောကြားပြသမည် ဖြစ်ပါ၍ စခန်းဝင် အားထုတ်လိုသူ ယောဂီများသည် (၁၃၆၉ ခု၊ တန်ခူးလဆန်း ၄ ရက်) ၉–၄–၂၀၀၈ (ဗုဒ္ဓဟူးနေ့) အရောက်လာရန်နှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ အအေးများ လှူဒါန်းလိုပါက ဖုန်း–၀၁–၆၉၈၇၇၉၊ ၀၉ ၅၁၅၆၁၃၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

Nibban Group က အရောင်းကိုယ်စားလှယ်များအား ဂုဏ်ပြုပွဲ အခမ်းအနား ကျင်းပ

Nibban Group၏ Nibban Electric & Electronics လုပ်ငန်းက အရောင်းကိုယ်စားလှယ်များအား ဂုဏ်ပြုပွဲအခမ်းအနားတွင် Nibban Group ဥက္ကဋ္ဌ ဦးသိန်းကြည် ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ကျေးဇူးတင်စကား ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၂၉

Nibban Group ၏ Nibban Electric & Electronics လုပ်ငန်းက အရောင်း ကိုယ်စားလှယ်များအား ဂုဏ်ပြုပွဲ အခမ်းအနားကို မတ် ၂၇ ရက် ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် Nibban Group ဥက္ကဋ္ဌ ဦးသိန်းကြည်က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ကျေးဇူးတင်စကားပြောကြားပြီး Nibban Electric & Electronics မန်နေဂျင်းဒါရိုက်တာ ဒေါက်တာအောင်သိန်းက NIBBAN ၏ ထုတ်ကုန်သစ်များဖြစ်သော Nibban Digital Antenna, Nibban Allplus 3 Antenna, Nibban Electric Fan, Nibban Rice Cooker, Nibban DVD Player, Nibban Servo Stabilizer, Nibban Smart Avr ဗဟိုအော်တိုစုပါချာဂျာအင်ဗာတာ၊ ဗဟိုဘက်စုံသုံးအင်ဗာတာတို့၏ အရည်အသွေးနှင့် အသုံးပြုပုံ ပြုနည်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ၂၀၀၇ ခုနှစ်အတွင်း ရောင်းအားအကောင်းဆုံး အရောင်းကိုယ်စားလှယ်များအား ဂုဏ်ပြုဆုများကို ပေးအပ်ကြသည်။

နှစ်သက်

Nibban Electric & Electronics လုပ်ငန်းသည် နိုင်ငံတကာ အသိအမှတ်ပြု အရည်အသွေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် ISO 9001:2000 လက်မှတ်ရရှိထားသော လုပ်ငန်းဖြစ်ပြီး သုံးစွဲသူများအတွက် အဓိကလိုအပ်ချက်ဖြစ်သော အရည်အသွေးမြင့်မားသည့် Nibban TV Antenna & Booster, Nibban Servo Stabilizer, Nibban Fully Auto Inverter, Nibban Smart Avr, Nibban Avr & Safeguard, Nibban Auto & Manual Voltage Regulator, Nibban Electric Fan, Nibban Rice Cooker, Nibban DVD Player, ဗဟိုအင်ဗာတာ၊ ဗဟိုမီးအားမြှင့်စက်နှင့် ဗဟိုဘက်ထရီ အားသွင်းစက်များကို ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိသည်မှာ (၃၆)နှစ် သက်တမ်းသို့ ရောက်ရှိကာ သုံးစွဲသူများ၏ နှစ်သက်သဘောကျမှုများ ရရှိနေကြောင်း သိရှိရသည်။ (သတင်းစဉ်)

အမျိုးသမီးများအား အစုလိုက် မေးခိုင်ကာကွယ်ဆေးထိုးပေး

ရန်ကုန် မတ် ၂၉

သာကေတမြို့နယ် ကျန်းမာရေး ဦးစီးဌာနမှ မိခင်နှင့် မွေးကင်းစကလေး မေးခိုင်ရောဂါ ကင်းစင်ပပျောက်ရေး လုပ်ငန်း အသက်(၁၅)နှစ်မှ (၄၅)နှစ် အရွယ် အမျိုးသမီးများအား ပထမအကြိမ် အစုလိုက် ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို မတ် ၂၄ ရက်က သာကေတမြို့နယ်(၇)အနောက်ရပ်ကွက် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ခင်သန်းအေးနှင့် တာဝန်ရှိသူများ၊ ရပ်ကွက်အဖွဲ့ဝင်များ၊အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ အသင်းဝင်များက ဝိုင်းဝန်းကြိုးကြပ် ဆောင်ရွက်ပေးကြကြောင်း သိရသည်။**(အောက်ပုံ)** (က–ပ)

ပခုက္ကူမြို့ ပထမပြန်စာမေးပွဲဖြေဆိုနေမှု သာသနာရေးဝန်ကြီးဌာနဝန်ကြီး ကြည့်ရှု

ရန်ကုန် မတ် ၂၉

သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်သည် မတ် ၂၈ရက်မွန်းလွဲပိုင်းတွင် ပခုက္ကူမြို့ ပရိယတ္တိဗိမာန်၌ ကျင်းပသော ပထမပြန်စာဖြေဌာနသို့ သွားရောက်၍ စာမေးပွဲကြီးကြပ်ရေးဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် ဝန်ကြီးသည် ပထမကြီးတန်း၊ ပထမလတ်တန်း၊ ပထမငယ်တန်းတို့၌ သံဃာတော်များနှင့် သီလရှင်များ စာမေးပွဲဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဝန်ကြီးသည် ပခုက္ကူမြို့ တောင်ဇလပ်လူငယ်ပျိုးခင်းသင်တန်းကျောင်းသို့ သွားရောက်ပြီး နွေရာသီဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းဖွင့်လှစ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးမြို့ပေါ်၌ပထမပြန်စာမေးပွဲဖြေဆိုနေမှု ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်ကြည့်ရှု

ရန်ကုန် မတ် ၂၉

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်သည် မတ် ၂၈ရက်တွင် မန္တလေးတိုင်းချမ်းမြသာစည်မြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပလျက်ရှိသော ပထမငယ်တန်း ပထမပြန်စာမေးပွဲစာဖြေဌာနသို့ သွားရောက်၍ ပထမပြန်ကြီးကြပ်ရေးဆရာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်သည် ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၂၇) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပလျက်ရှိသော ပထမလတ်နှင့် ပထမကြီးတန်း ပထမပြန်စာဖြေဌာနသို့သွားရောက်ပြီး ကြီးကြပ်ရေးဆရာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ ဆက်လက်၍ သံဃာတော်များ စာမေးပွဲဖြေဆိုနေမှုကို ကြည့်ရှုသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ချမ်းမြသာစည်မြို့နယ် အမှတ်(၂၆) အခြေ ခံပညာအထက်တန်းကျောင်း၌ ကျင်းပလျက်ရှိသော ပထမကြီးတန်း ပထမပြန်စာဖြေဌာနသို့ သွားရောက်ပြီး စာမေးပွဲကြီးကြပ်ရေး ဆရာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် သံဃာတော်များ စာမေးပွဲဖြေဆိုနေမှုကို ကြည့်ရှုကြောင်း သိရှိရသည်။ (သတင်းစဉ်)



ပထမပြန်စာမေးပွဲ ဖြေဆိုတော်မူနေကြသည့် သံဃာတော်များအား ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို ကြည်ညို

ရန်ကုန် မတ် ၂၉

၂၀၀၈ခုနှစ် ရန်ကုန်တိုင်းအတွင်း ပထမပြန်စာမေးပွဲဖြေဆိုတော်မူနေကြသည့် သံဃာတော်များအား သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယနေ့မွန်းလွဲ ပိုင်းတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကြည်ညိုကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ကလေးဝတောရကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တ ဇာဂရာဘိဝံသနှင့် ကြီးကြပ်တော်မူနေကြသည့် ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

၂၀၀၈ခုနှစ် ရန်ကုန်တိုင်းအတွင်း ပထမပြန် စာမေးပွဲဖြဆိုတော်မူကြသော ရဟန်းသံဃာတော်ပေါင်းမှာ ၈၈၅၆ပါးရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

လှည့်လည်ကြည်ညို

သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို ၂၀၀၈ခုနှစ် ရန်ကုန်တိုင်းအတွင်း ပထမပြန်စာမေးပွဲ ဖြေဆိုတော်မူနေကြသည့် သံဃာတော်များကို လှည့်လည်ကြည်ညိုစဉ်။

(သတင်းစဉ်)

မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက် (၂)လမ်းရှိ ရတနာမဥ္ဇူ ဓမ္မရိပ်သာကျောင်းတိုက်အတွင်း ဆောက်လုပ်လျက်ရှိသော စိတ္တဝိဝေကလေးထပ်ကျောင်းတော်ကြီးအတွက် ဘုရင့်နောင်လမ်းမကြီးရှိ ဇမ္ဗူအောင်ပွဲရုံမှ (ဦးလှုံ့ပွင့်)-ဒေါ်ကီးဝါ၊ သားကိုကျော်နိုင်မိသားစုက အလှူငွေ ကျပ်ငါးသိန်းကို ကမ္မဋ္ဌာနာစရိယ ဆရာတော်အရှင်ဇေယျာနန္ဒ(ပုဂံ) ရှေ့မှောက်၌ လှူဒါန်းရာ ကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီနာယက ဦးမောင်မောင်ကြည် လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

(က-ပ)

ပဍ္ဍမအကြိမ်မြောက် အမရဝတီကျောင်းတိုက် သင်္ကြန်တွင်းတရားစခန်း

ရန်ကုန် မတ် ၂၉

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင် စံပြကျေးရွာ အမရဝတီကျောင်းတိုက် ပဓာနနာယကဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ရေဝတ (ပြည်တွင်း ပြည်ပ သာသနာပြု) ဦးဆောင်၍ တပည့်ဒါယကာဒါယိကာမအပေါင်းတို့က ပဍ္ဍမအကြိမ်မြောက် အမရဝတီကျောင်းတိုက် သင်္ကြန်တွင်း ဒုလ္လဘတရားစခန်းကို ဧပြီ၁ရက်မှ ၁၇ရက်ထိ ကျင်းပမည်ဖြစ်ပြီး သင်္ကြန်တွင်း တရားစခန်းတွင် အရှင်ပညာနန္ဒ(သီတဂူကြယ်တစ်ပွင့်) ဘဒ္ဒန္တ ဥတ္တမ၊ ဘဒ္ဒန္တ တိလောကတို့၏ ဓမ္မသဘင်ပွဲများကို ညစဉ် ဆင်ယင်ကျင်းပမည်ဖြစ်ရာ ဒုလ္လဘတရားစခန်းဝင်လိုသူများနှင့် ကုသိုလ်ပါဝင်လှူဒါန်းလိုသူများသည် ဝိမုတ္တိသုခစံကျောင်း ဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓ ဖုန်း-၀၉၉၉၇၁၁၇၁၊ အမရဝတီ သာသနရက္ခိတအဖွဲ့ ဖုန်း-၀၁-၅၇၂၆၃၈၊ ၀၉၅၁၉၄၇၆၅၊ ၀၉၅၀၀၀၈၃၈၊ ၆၆၀၈၁၆တို့သို့ ကြိုတင်စာရင်းပေး၍ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

သက်ကြီးနက္ခတ်ဗေဒင်လက္ခဏာပညာရှင်များ၏ သက်ကြီးပူဇော်ပွဲကျင်းပရေး အလှူငွေလှူဒါန်း

ရန်ကုန် မတ် ၂၉

နက္ခတ်ဗေဒင်လက္ခဏာပညာရှင် (ရန်ကုန်)အဖွဲ့မှ ကြီးမှူး၍ ဒသမအကြိမ်မြောက် အသက်(၇၀)နှင့်အထက် သက်ကြီးနက္ခတ်ဗေဒင် လက္ခဏာပညာရှင်များ၏ ဆရာကြီး၊ ဆရာမများ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေပေးအပ်ပွဲကို မတ် ၂၈ရက်က ရန်ကုန်မြို့ ရွှေဘုံသာလမ်းရှိ ဆရာကြီး အရဟံဆရာအောင် ရုံးခန်းတွင် ကျင်းပရာ ဆရာကြီးအရဟံဆရာအောင် မိသားစုက ငွေကျပ်ငါးသိန်းပေးအပ်လှူဒါန်းရာ ပူဇော်ပွဲဖြစ်မြောက် ရေးကော်မတီက လက်ခံရယူသည်။ ပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီတော် အာရုံခံတန်ဆောင်း (ဂေါပကရုံးအပေါ်ထပ်)၌ မတ် ၃၀ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား ပစ္စည်းစုဆောင်းသူများ

ဤကမ္ဘာမြေတစ်လွှားတွင် ဝါသနာအလျောက် ပစ္စည်းများစုဆောင်းသူ အများအပြားရှိကြသည်။ အချို့က ရှေးဟောင်းအမွေအနှစ်ပစ္စည်းများ စုဆောင်းရသည်ကို ဝါသနာပါကြသည်။ အချို့က အသုံးအဆောင်ပစ္စည်း စုဆောင်းသိုမှီးမှုကို နှစ်သက်ကြသည်။ သေးသေးမွှားမွှား ပစ္စည်းမှသည် ကြီးကြီးမားမား ပစ္စည်းများအထိ စုဆောင်းကြသူများလည်း ရှိသည်။

သံချပ်ကာကား စုဆောင်းသူ

ပစ္စည်းများစုဆောင်းမှု၌ ဝါသနာထုံသူများအနက် အမေရိကန်နိုင်ငံသား ဂျက်ကွက်စ်လစ်တဲလ်ဖီးလ်ဆိုသူ၏ စုဆောင်းမှုမှာ အံ့မခန်းဖြစ်သည်။ သူစုဆောင်းထားသည့် ပစ္စည်းများမှာ စစ်သုံးသံချပ်ကာယာဉ်များ ဖြစ်ပြီး စုစုပေါင်း ၂၂၉စင်း စုဆောင်းထားသည်။ **(အောက်ပုံ)**

ဒိုင်ယာနာပစ္စည်းစုသူ

ပေါ်တူဂီနိုင်ငံသား ရွန်နီဘရာဂန်ကာဆိုသူကမူ တော်ဝင်နန်းသုံးပစ္စည်းများ စုဆောင်းခြင်းကို ဝါသနာပါသည်။ သူသည် ၁၉၉၁ခုနှစ်မှစ၍ ဝေလမင်းသမီး ကွယ်လွန်သူ ဒိုင်ယာနာ၏ တော်ဝင်သုံးပစ္စည်းများကို စုဆောင်းခဲ့ရာ အမျိုးပေါင်း ၂၉၅၀အထိ ရှိသည်ဟုဆိုသည်။

စာရေးဆရာမှတ်တမ်းစုသူ

ကနေဒါနိုင်ငံမှ မိုက်ကယ်ဆီးလ်ဗားဘရွတ်ကီနှင့် ပက်တွန်ကင်တို့ကမူ ကမ္ဘာတစ်လွှားမှ စာရေးဆရာများကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် အော်တိုမှတ်တမ်းစာအုပ်ပေါင်း ၇၂၂အုပ်ကို စုဆောင်းထားသည်။

ဘောလုံးအမျိုးမျိုးစုသူ

အာဂျင်တီးနားမှ ရော်ဘာတိုအေ၊ ပူဂလီနီဆိုသူကမူ ဘောလုံးအရူးအမူးဖြစ်သည်။ သူသည် ၁၉၉၅ခုနှစ်မှစ၍ ဘောလုံးအမျိုးမျိုးကို စုဆောင်းခဲ့ရာ စုစုပေါင်း ဘောလုံး ၈၆၁လုံး လက်ဝယ်ပိုင်ဆိုင်ထားသည်။

နာရီများစုဆောင်းသူ

နယ်သာလန်နိုင်ငံသား ဖရန်စစ်ကပ်ပ်ဟင်ဒရီကပ်စ်မာရီယာဆာလာရီဆိုသူကမူ ကမ္ဘာတစ်လွှားမှ ထုတ်လုပ်သော နာရီအမျိုးအစား အများအပြားကို စုဆောင်းထားရာ နာရီလုံးရေ ၁၃၆၆လုံး ပိုင်ဆိုင်ထားသည်။

သင်္ကြန်ဝိပဿနာ အထူး(၁၀)ရက်စခန်းပွဲ

ရန်ကုန် မတ် ၂၉

သရက်မြို့ သာသနာ့အလင်းရောင် စာသင်တိုက်နှင့် မဟာစည်သာသနာ့ရိပ်သာ ပဓာနနာယက၊ ကမ္မဋ္ဌာနာစရိယ၊ ပြည်တွင်းပြည်ပ မဟာစည်ရိပ်သာများဆိုင်ရာ နာယက၊ မဟာစည်နယ်လှည့်ဓမ္မကထိက ပြည်တွင်းပြည်ပ သာသနာပြု၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တကုသလ (ဓမ္မာစရိယ) အရှင်သူမြတ်သည် မတ် ၃၁ရက်မှ ဧပြီ ၁၁ရက်အထိ ကြံခင်းမြို့နယ် ဘက်ရဲမြို့ ဥတ္တရာရုံကျောင်းတိုက်တွင် (၃၇)ကြိမ်မြောက် မဟာစည်ဝိပဿနာ(၁၀)ရက်စခန်းပွဲ၊ ဧပြီ ၁၀ရက်မှ ၂၁ရက်အထိ၊ သရက်မြို့၊ သာသနာ့အလင်းရောင် စာသင်တိုက်တွင် (၇)ကြိမ်မြောက် သင်္ကြန်ဝိပဿနာ အထူး(၁၀)ရက် စခန်းပွဲများတွင် မဟာစည်ဝိပဿနာတရားတို့ကို ကိုယ်တိုင်ဟောကြား ညွှန်ပြမည်ဖြစ်ပါ၍ အလှူရှင်နှင့် ယောဂီများ ကြိုတင်စာရင်းပေးသွင်း လှူဒါန်းနိုင်ကြကြောင်း ဝေယျာဝစ္စအဖွဲ့က နှိုးဆော်ထားသည်။

(က-ပ)

ကမာရွတ် လယ်တီရိပ်သာကျောင်းတိုက် သင်္ကြန်တရားစခန်းနှင့် ရဟန်းခံ၊ ရှင်ပြုပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၉

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၃)ရပ်ကွက် နီလာလမ်း (အောင်မြေသာစည် အိမ်ရာအရှေ့)၌ တည်ရှိသော လယ်တီရိပ်သာကျောင်းတိုက်တွင် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တဝိစိတ္တာဘိဝံသ သာသနဓဇ ဓမ္မာစရိယ ပရိယတ္တိသဒ္ဓမ္မာနုဂ္ဂဟဓမ္မာစရိယ ဝိနယပါရဂူ ဝိနယဝိဒူ (ဘာသန္တရဆေက ဒီပလိုမာ)က သားငယ်၊ သမီးငယ်များအတွက် တရားပွဲကို ဧပြီ ၅ရက်(စနေနေ့)မှစ၍ လစဉ်လပြည့်၊ လကွယ်နေ့များတွင် ညနေ ၆နာရီမှ စတင်၍ ကျင်းပမည်။

သင်္ကြန်ကာလ (၉၂)ကြိမ်မြောက် ခုနစ်ရက်တရားစခန်းကို ဧပြီ ၁၂ရက်မှ ၁၉ရက်အထိနှင့် ဧပြီ ၁၂ရက်တွင် ဒုလ္လဘရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်ခြင်း အစီအစဉ်များကို တစ်ပါးတည်း ပြုလုပ်သွားမည်ဖြစ်သည်။

နွေရာသီပညာဒါန ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း၊ အင်္ဂလိပ်စာ-အင်္ဂလိပ်စကားပြော၊ သင်္ချာသင်တန်းများကို ဧပြီ ၂၁ ရက်(တနင်္လာနေ့)မှစ၍ ပညာဒါနမိသားစုတို့က တာဝန်ယူပြသသွားမည်ဖြစ်သည်။ အသေးစိတ်သိလိုပါက ကျောင်းရုံးဖုန်း-၅၃၀၅၆၈ သို့ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

* ကျောဖုံးမှ

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယခုဒုတိယအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း၊ အဓိကရည်ရွယ်ချက်မှာ စက်မှုဇုန်များမှ လုပ်ငန်းရှင်များ၏ လုပ်ငန်းလိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်ဖြစ်ကြောင်း၊ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်က တင်ပြခဲ့သည့် လုပ်ငန်းရှင်များ၏ လုပ်ငန်းလိုအပ်ချက်များကိုလည်း မိမိတို့ တာဝန်ရှိသူအဆင့်ဆင့်က ပေါင်းစပ်ညှိနှိုင်း ပံ့ပိုးဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ ခနအင်အား တောင့်တင်းခိုင်မာရေး၊ အမျိုးသားစီးပွားရေးဘဝ ပိုမိုဖြစ်ထွန်းအောင်မြင်စေရေးအတွက် ကဏ္ဍစုံထောင့်စုံက ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ နိုင်ငံတော်၏ စက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုး တိုးတက်စေရေးအတွက်လည်း မျက်ခြည်မပြတ် ဆောင်ရွက်ပေးနေကြောင်း။

ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း နိုင်ငံတော်၏ စက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ မိမိတို့၏ အမျိုးသားစီးပွားရေးဘဝပိုမိုဖြစ်ထွန်းအောင်မြင်စေရေးတို့အတွက် မည်သည့်အခက်အခဲကိုမဆို ကျော်လွှား၍ အောင်မြင်သည်ထက် အောင်မြင်စေရန် နိုင်ငံတော်နှင့်အတူ ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက ရန်ကုန်တိုင်းအတွင်း စက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များက လက်ရှိလုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

နိုင်ငံတော်၏ စက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်တိုင်းအတွင်း၌ စက်မှုဇုန် ၁၀ဇုန်ရှိရာ မှတ်ပုံတင်ပြီး စက်ရုံ ၂၉၂၁ ရုံတို့မှ သွင်းကုန်အစားထိုး ထုတ်ကုန်ပစ္စည်းများကို ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပျော်ဘွယ် အရှင်ဝိသုဒ္ဓရုံသီ၏ ဧပြီလတရားပွဲများ

ရန်ကုန် မတ် ၂၉

မြောက်ဥက္ကလာပမြို့နယ် မယ်လမုဘုရားအနီး ဓမ္မသီဂီ ပျော်ဘွယ် ပရိယတ္တိစာသင်တိုက်နှင့် မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင် ဓမ္မသီဂီပျော်ဘွယ် ပဋိပတ္တိသာသနာ့ရိပ်သာတို့၏ ပဓာနနာယက၊ ဂန္ထဝါစကပဏ္ဍိတ၊ သဒ္ဓမ္မဇောတိကဓဇ၊ ပြည်တွင်း ပြည်ပသာသနာပြု ဓမ္မကထိက ပျော်ဘွယ် အရှင်ဝိသုဒ္ဓရုံသီသည် ဧပြီ ၂ ရက်ညတွင် မင်္ဂလာဒုံမြို့နယ် ပေါက်ကုန်းအပိုင်း(၃) အထူးတရားပွဲ၊ ဧပြီ ၅ ရက်ညတွင် ဦးဝင်းနိုင်ထွန်း-ဒေါ်မျိုးထွေးအောင် ရွှေအမြှာစိန်ရောင်းဝယ်ရေး ဗိုလ်ချုပ်ဈေး ရန်ကုန်မိသားစုတို့၏ မလှိုင်မြို့ ရှင်ပြုအလှူအကြိုတရားပွဲ၊ ၆ ရက်ညတွင် အင်းစိန်ရွာမအနောက်ရပ်ကွက် ဆုတောင်းပြည့် မင်းစေတီဗုဒ္ဓပူဇနိယ အကြိုတရားပွဲ၊ ၇ ရက် မွန်းလွဲပိုင်းတွင် ရွှေပြည်သာ အထက(၃) တရားပွဲ၊ ညပိုင်းတွင် မင်းစေတီတရားပွဲ၊ ၈ ရက်ညတွင် ရွှေပြည်သာ အထက(၃) တရားပွဲ၊ ၉ ရက် မွန်းလွဲပိုင်းတွင် ရွှေပြည်သာ အထက(၃) တရားပွဲ၊ ၁၀ ရက်ညတွင် ရွှေပြည်သာ အထက(၃) တရားပွဲ၊ ၁၁ ရက်ညနေပိုင်းတွင် ရန်ကုန်မြို့ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန ဒုလ္လဘရဟန်းခံတရားပွဲ၊ ၁၂ ရက်မှ ၁၆ ရက်အထိ မင်္ဂလာဒုံ ဓမ္မသီဂီ ပျော်ဘွယ် ပဋိပတ္တိသာသနာ့ရိပ်သာ သင်္ကြန်တွင်းတရားပွဲများ၊ ၁၇ ရက်မှ ၁၉ ရက်အထိ ဒဂုံမြို့သစ်(မြောက်ပိုင်း) ၃၅ ရပ်ကွက် ညီမူရာဓမ္မာရုံ အထူးတရားပွဲ၊ ၂၅ ရက်ညတွင် မြောက်ဥက္ကလာပမြို့နယ် ၂ ရပ်ကွက် ယုဇနဆွမ်းလောင်းဓမ္မာရုံ နှစ်ဦးအထူးတရားပွဲ၊ ၃၀ ရက်ညတွင် ကျိုက်ထီးရိုးရင်ပြင် အထူးတရားပွဲများကို ဟောကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (က-ပ)

● မြဝတီရုပ်မြင်သံကြားမှ

ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံဓာတ်ပုံအသင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ မြဝတီရုပ်မြင်သံကြားမှ စစ်သည်/ ဝန်ထမ်းများ၊ မြဝတီနှင့် ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည်အကောင်းဆုံးစာမူဆုနှင့် မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ပြည်ပနိုင်ငံတချို့အနေဖြင့် မြန်မာနိုင်ငံအပေါ် နိုင်ငံတကာက အထင်အမြင် လွဲမှားစေရန်၊ နိုင်ငံအတွင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲစေရန်၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် မီဒီယာကို လက်နက်သဖွယ် မမှန်မကန်အသုံးချပြီး ဆောင်ရွက်နေခြင်းကို တွေ့ရမည်ဖြစ်ကြောင်း။

တန်ပြန်လုပ်ဆောင်

ယင်းကဲ့သို့ နိုင်ငံကြီးတချို့က မမှန်ကန်သော သတင်းအချက်အလက်နှင့် နိုင်ငံတော်ကြီး ပြိုကွဲပျက်စီးအောင် လုပ်နေခြင်းကို မိမိတို့က မြန်မာနိုင်ငံ၏ ပကတိ အေးချမ်းသာယာမှု၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှု၊ တပ်မတော်၊ ပြည်သူနှင့် အစိုးရတို့ တစ်စိတ်တစ်ဝမ်းတည်း ရှိနေမှုတို့ကို ထုတ်လွှင့်ပြသ ရေးသားပြီး ပြည်သူတစ်ရပ်လုံးကို အမှန်အတိုင်း သိစေရေးအတွက် မီဒီယာများနှင့် ထိထိရောက်ရောက် တန်ပြန်လုပ်ဆောင်သွားကြရန်လိုကြောင်း။

မြဝတီရုပ်မြင်သံကြားသည် နိုင်ငံတော်၏ ပကတိဖွံ့ဖြိုးတိုးတက်မှု

စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင် မြဝတီရုပ်မြင်သံကြား တေရသမ နှစ်ပတ်လည်နေ့ ထူးချွန်ဝန်ထမ်းဆုနှင့် မြဝတီစာပေတိုက်၊ ၂၀၀၇ခုနှစ် မြဝတီ/ငွေတာရီမဂ္ဂဇင်း၊ နှစ်ပတ်လည်အကောင်းဆုံးစာမူဆု၊ မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အခြေအနေမှန်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပြသနိုင်ခဲ့သကဲ့သို့ ပြည်သူများအသိပညာ ဗဟုသုတ တိုးပွားပြီး အပန်းဖြေစေဖို့ ကဏ္ဍစုံစုံလင်လင် ထုတ်လွှင့်နိုင်ခြင်းကြောင့် ပြည်သူလူထု၏ ချစ်ခင်နှစ်သက်အားပေးမှုကို ရရှိနေခြင်းကိုလည်း တွေ့ရမည်ဖြစ်ကြောင်း။

ဤသို့ အောင်မြင်မှုများ ရရှိခြင်းသည် တာဝန်ရှိသူ အဆင့်ဆင့်၏ ကြိုးစားအားထုတ်မှုအပြင် ရုပ်ရှင်၊ ဂီတ၊ အနုပညာရှင်များနှင့် ပုဂ္ဂလိကမီဒီယာများ၏ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့်ဖြစ်သည်ကို ပြောကြားလိုကြောင်း။

နည်းပညာ တိုးတက်ပြောင်းလဲလာမှုကြောင့် မြန်မာနိုင်ငံ၌ ရုပ်မြင်သံကြားနှင့် ရေဒီယိုထုတ်လွှင့်မှုကို Analogue စနစ်မှ Digital စနစ်သို့ တစ်ဆင့်ပြီးတစ်ဆင့် ကူးပြောင်းနိုင်ရေးအတွက် မြန်မာနိုင်ငံ အမျိုးသားဒီဂျစ်တယ်ရုပ်မြင်သံကြားနှင့် အသံလွှင့်ကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

ဝိုင်းဝန်းကြိုးပမ်း

ထို့ကြောင့် မြဝတီရုပ်မြင်သံကြားအနေနှင့် Digital စနစ်နှင့် ထုတ်လွှင့်ခြင်းဖြင့် ရုပ်သံလိုင်းအများအပြားကို အရည်အသွေးကောင်းမွန်စွာ ဖမ်းယူကြည့်ရှုနိုင်ကြမည်ဖြစ်သဖြင့် ဝန်ထမ်းများကလည်း ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် လုပ်ဆောင်ကြရန် မှာကြားလိုကြောင်း။

ယနေ့အခမ်းအနားတွင် မြဝတီစာပေတိုက်က ၂၀၀၇ ခုနှစ်အတွင်း ထုတ်ဝေခဲ့သော မြဝတီမဂ္ဂဇင်းနှင့် ငွေတာရီမဂ္ဂဇင်းတို့၌ ပါရှိသည့် ကဗျာ၊ ကာတွန်း၊ ဆောင်းပါး၊ ဝတ္ထုတို၊ ဝတ္ထုရှည်များအနက် အကောင်းဆုံးစာမူဆုများကို ချီးမြှင့်မည့်အပြင် မြဝတီမဂ္ဂဇင်း ရောင်စုံဓာတ်ပုံဆုကိုလည်း ချီးမြှင့်မည်ဖြစ်ကြောင်း။

မြဝတီစာပေတိုက်က ထုတ်ဝေသည့် စာအုပ်၊ စာစောင်များသည် မြန်မာစာပေ လောကကို မြှင့်တင်ပေးနိုင်ပြီး စာဖတ်ပရိသတ်များက အမှတ်တရ သိမ်းဆည်းထားရမည့် ရည်ညွှန်းစာစောင်များ ဖြစ်အောင် တာဝန်ရှိသူများအပြင် ယနေ့အခမ်းအနားကို တက်ရောက်လာကြသည့် စာပေအနုပညာရှင်ကြီးများကပါ ဝိုင်းဝန်းကြိုးပမ်းသွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

နှစ်ပတ်လည် အကောင်းဆုံးဆုရရှိသူများသည် တစ်နှစ်အတွင်း သက်ဆိုင်ရာ နယ်ပယ်ကဏ္ဍအသီးသီးတွင် စနစ်တကျ ရွေးချယ်ချီးမြှင့်ခြင်းကို ခံရခြင်းဖြစ်သဖြင့် ဆုရသူအားလုံးအား ချီးကျူးဂုဏ်ပြုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်က မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲ တတိယဆုရ ကျော်ဝင်းလှိုင် (ယဉ်ကျေးမှုတက္ကသိုလ်)နှင့် နှစ်သိမ့်ဆုရ ကျော်ကျော်ဝင်း (မြန်မာနိုင်ငံဓာတ်ပုံအသင်း)၊ မြဝတီမဂ္ဂဇင်း အကောင်းဆုံးကာတွန်းဆုရ ကာတွန်းရွှေရိုး၊ မြဝတီမဂ္ဂဇင်း အကောင်းဆုံးကဗျာဆုရ ကို(တက္ကသိုလ်)နှင့် မြဝတီမဂ္ဂဇင်း အကောင်းဆုံးဝတ္ထုတိုဆုရ ခြင်ကျား(မအူပင်)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက်ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက ငွေတာရီမဂ္ဂဇင်းအကောင်းဆုံးကာတွန်းဆုရ ကာတွန်းမြေဇာ၊ ငွေတာရီမဂ္ဂဇင်း အကောင်းဆုံးဆောင်းပါးဆုရ မောင်မြင့်ကြည် (စာပေဗိမာန်)၊ ငွေတာရီမဂ္ဂဇင်း အကောင်းဆုံးဝတ္ထုတိုဆုရ ဆင်ဖြူကျွန်းအောင်သိန်းနှင့် ငွေတာရီမဂ္ဂဇင်း အကောင်းဆုံးဝတ္ထုရှည်ဆုရ ကိုနိုင်း(ချင်းတောင်)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြဝတီရုပ်မြင်သံကြား စစ်သည်/ဝန်ထမ်းဆုများ ချီးမြှင့်ရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်မောင်ထွန်းက အကောင်းဆုံးဖလင်တိပ် ကူးပြောင်းဆုရ တပ်ကြပ်ကြီး (အစားခန့်) ဇာနည်ဝင်း၊ အကောင်းဆုံးထုတ်လုပ်ရေးမှူးဆုရ ဒုအရာခံဗိုလ်(အစားခန့်) ချိုချိုခိုင်၊ အကောင်းဆုံး ကင်မရာရိုက်ကူးသူဆုရ ဒုအရာခံဗိုလ် ဇော်အောင်နှင့် အရာခံဗိုလ်(အစားခန့်) ဟန်ဝင်းအောင်၊ အကောင်းဆုံး သတင်းကြေညာသူ ဆုရ တပ်ကြပ်ကြီး (အစားခန့်) စံကားဝါတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ငွေသိန်းက အကောင်းဆုံး ကွန်ပျူတာကျွမ်းကျင်ဆုရ တပ်ကြပ်ကြီးစာရေး ညီညီဇော်၊ အကောင်းဆုံး အစီအစဉ်မှူးဆုရ ဒုအရာခံဗိုလ်(အစားခန့်)လင်းလင်းမာ၊ အကောင်းဆုံးတည်းဖြတ်ဆုရအရာခံဗိုလ်(အစားခန့်) နော်ဖလောရင့်စ်၊ အကောင်းဆုံးဆက်တင် (မီးအလင်းပေး)ဆုရ တပ်ကြပ်ကြီး ခင်ဝင်းနှင့် စက်မှုဌာနဂုဏ်ပြုဆုရ စက်မှုဌာနမှ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ငွေသိန်း မြဝတီရုပ်မြင်သံကြား စစ်သည်/ ဝန်ထမ်းဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဗိုလ်ဟိန်းထွဋ်အောင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးညိုဝင်းက ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) အရာထမ်းငယ် အခြေခံသင်တန်း အမှတ်စဉ်(၃၈) သင်တန်းထူးချွန် ဒုတိယဆုရ မြဝတီရုပ်မြင်သံကြားမှ အရာခံဗိုလ်(အစားခန့်) မီမီမောင်ထွေး၊ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် နှဲပြိုင်ပွဲ ပထမဆုရ အမှတ်(၄) နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ တပ်ကြပ်ကြီး မြင့်အောင်၊ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး အကပြိုင်ပွဲ ပထမဆုရ မင်္ဂလာဒုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မကြည်နူးပွင့်၊ ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ (သိပ္ပံတွဲ) မြန်မာတစ်နိုင်ငံလုံး အဆင့်(၉)ရ မင်္ဂလာဒုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မယဉ်နွယ်အေး၊ ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး အဆင့် အောင်ချက်အကောင်းဆုံးဆုရ မင်္ဂလာဒုံမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ချုပ်မှုတာဝန်ခံ အရာရှိ ဗိုလ်မှူးရဲမြင့်အောင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တာဝန်ရှိသူများက မြဝတီရုပ်မြင်သံကြားအား အဘက်ဘက်မှ ပံ့ပိုးကူညီ ဆောင်ရွက်ပေးခဲ့ကြသည့် အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် မြဝတီစာပေတိုက်တွင် ပံ့ပိုးကူညီ ဆောင်ရွက်ပေးခဲ့ကြသည့် စာပေနှင့်ဓာတ်ပုံပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များကို အသီးသီးပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပျော်ဖြေတင်ဆက်

ယင်းနောက် စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဧည့်သည်တော်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံပြီး မြဝတီတေးဂီတအဖွဲ့နှင့် တွဲဖက်၍ မြန်မာနိုင်ငံ ဂီတအစည်းအရုံးမှ တေးသံရှင်များက တေးဂီတများဖြင့် ပျော်ဖြေတင်ဆက်ကြသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးညိုဝင်း မြဝတီရုပ်မြင်သံကြား စစ်သည်/ ဝန်ထမ်းဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၀-၃-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ 733 Colourful System of River (Part-1) 734 Colourful System of River (Part-2)
- ၈:၃၀ ၅။ International News.
- ၈:၄၅ ၆။ မှုဟန်သွယ်သွယ်ဆိုကြမယ်.
- ၉:၀၀ ၇။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၁၁:၀၅ ၂။ ရုပ်မြင်ရသတေးစုကဏ္ဍ
- ၁၁:၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၃၅ ၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၁၂:၀၀ ၅။ **မြန်မာဗီဒီယိုဇာတ်လမ်း "ပျော်ပျော်ရွှင်ရွှင်" (လွင်မိုး၊ အောင်လွင်၊ နန္ဒာလှိုင်) (ဒါရိုက်တာ-ကျော်ဇောလင်း) (အတွေးပုံရိပ်)**
- ၁:၄၅ ၆။ အတီးပြိုင်ပွဲ

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၀ ၂။ **"လှေကားသုံးထစ် ဆင်းတဲ့အခါ" (အရိုင်း၊ မင်းသူ၊ အေးသီတာ) (ဒါရိုက်တာ-သိန်းတန်-ဖီးနစ်)**
- ၄:၃၀ ၃။ Say It in English.
- ၄:၄၀ ၄။ Local Talent
- ၄:၄၅ ၅။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (စီးပွားရေးပညာ အထူးပြု) (စီးပွားရေးပညာ)**
- ၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၁၀ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၀၀ ၈။ ညနေခင်းသတင်း
- ၆:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၀။ (၆၃)ကြိမ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၆:၅၀ ၁၁။ တေးဂီတအစီအစဉ်
- ၇:၀၅ ၁၂။ **"နတ်လူသာစုခေါ်စေသော်" (ခေတ်သစ်၊ ဝိုင်းစုခိုင်သိန်း၊ သတိုးစော) (ဒါရိုက်တာ-သော်ကိုကိုကျော်)**
- ၇:၃၀ ၁၃။ တေးဂီတအစီအစဉ်
- ၇:၄၀ ၁၄။ **"ညှော်မယ်ဖျို့" (ခန့်စည်သူ၊ ဇွက်ပျောကြော်၊ မိုးပြည့်ပြည့်မောင်၊ဂွမ်းပုံ) (ဒါရိုက်တာ-ဖုန်းမြင့်မောင်)**
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ တေးဂီတအစီအစဉ်
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မာယာထောင်ချောက်" (အပိုင်း-၁၂)**
- ၂၀။ အစီအစဉ်ပြီး၏။

လောက်ကိုင်မြို့ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း၌ သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မတ် ၂၉

နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန လောက်ကိုင်မြို့၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း အမှတ်စဉ် (၃/၂၀၀၇) သင်တန်းဆင်းပွဲကို မတ် ၁၇ ရက် နံနက် ၈ နာရီခွဲတွင် အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် ဝင်းမောင် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်း အောင်လက်မှတ်များချီးမြှင့်၍ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်က သင်တန်းဆိုင်ရာ အချက်အလက်များ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗိုလ်မှူးချုပ်ဝင်းမောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်နှင့် ဧည့်သည်တော်များသည် သင်တန်း အလုပ်ရုံခန်းမအတွင်း သင်တန်းသားများ လက်တွေ့လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးကြသည်။

သင်တန်းအမှတ်စဉ် (၃/၂၀၀၇) တွင် လျှပ်စစ်ဂဟေဆက်သင်တန်းသား ၁၀ဦး၊ အဆောက်အအုံ သင်တန်းသား ၁၀ ဦးနှင့် စက်ပြင်သင်တန်းသား ၁၀ ဦး စုစုပေါင်း သင်တန်းသား ၃၀ တက်ရောက်ကြပြီး သင်တန်းသားများမှာ လောက်ကိုင်၊ ကွမ်းလုံနှင့် အနီးပတ်ဝန်းကျင်မှ ဒေသခံတိုင်းရင်းသားများဖြစ်သည်။ သင်တန်းကာလမှာ ရက်သတ္တ ၂၄ ပတ်ဖြစ်ကာ သင်တန်းကာလအတွင်း သင်တန်းသားများ နေထိုင်စားသောက်ရေးနှင့် လက်တွေ့လုပ်ငန်းသုံးပစ္စည်းများ အားလုံး နိုင်ငံတော်မှ ကျခံသုံးစွဲ ထောက်ပံ့ပေးခဲ့ခြင်း

နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းမောင်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်တို့က လောက်ကိုင်မြို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း အလုပ်ရုံခန်းမအတွင်း သင်တန်းသားများ လက်တွေ့လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ဖြစ်သည်။ ယင်းနောက် ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ကျောင်းဝင်း အတွင်း တည်ဆောက်ပြီး အဆောက်အအုံများ၊ တိုးချဲ့တပ်ဆင်ပေးထားသော သင်ထောက်ကူ စက်ပစ္စည်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ ကွမ်းလုံမြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ထမ်းသီးသန့် တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၂၉

နေပြည်တော် ပျဉ်းမနား ပန်းခင်းကွက်သစ် ပင်မလမ်း ဘုရားကြီးတောရကျောင်း ရွှေပြည်အေးမဟာစည်ရိပ်သာ ကမ္မဋ္ဌာနာစရိယဆရာတော် ဦးဓမ္မပါလသည် သင်္ကြန်ရုံးပိတ်ရက်အတွင်း ဝန်ကြီးဌာနအသီးသီးရှိ ရုံးဝန်ထမ်းများ၊ ကျောင်းဆရာ၊ ဆရာမများ၊ ကုမ္ပဏီဝန်ထမ်းများအတွက် သီးသန့်ခုနစ်ရက် တရားစခန်းပွဲကို ဧပြီ ၁၁ ရက်မှ ၁၈ ရက်အထိ ပထမအကြိမ် ဖွင့်လှစ်မည်ဖြစ်ရာ ဒုလ္လဘရဟန်းဝတ်လိုသူများ ဆရာတော်က သပိတ်၊ သင်္ကန်းတို့ကို လှူဒါန်းပေးမည်။

ဆက်သွယ်နိုင်

သီလရှင်ဝတ်လိုပါက ဝတ်နိုင်သည်။ စားစရိတ်နှင့် ဝင်ကြေးမရှိ စာရင်း ပေးသွင်းလိုပါက ဖုန်း-၀၆၇-၂၃၀၄၃ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

သုည တခမ္ဘ သင်္ကြန်အထူးတရားစခန်းပွဲ

ရန်ကုန် မတ် ၂၉

သာကေတမြို့နယ် (၇)ရပ်ကွက် ဇိနမာန်အောင်စေတီအနီး သုညတခမ္ဘ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဆရာတော် ဦးစန္ဒသေနက ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း တရားစခန်းပွဲကို ဧပြီ ၁၁ ရက်မှ ၂၀ ရက်အထိ လူယောဂီ ၆၀ နှင့် ဒုလ္လဘရဟန်းအပါး ၆၀ လက်ခံဖွင့်လှစ်မည်ဖြစ်ရာ စာရင်းပေးရန်နှင့် နေ့ဆွမ်း၊ အရုဏ်ဆွမ်း၊ အဖျော်ရည် လှူဒါန်းလိုသူများ ဆရာတော် ဖုန်း-၀၉ ၅၁၇၉ ၃၄၃၊ ဒေါ်ပို့ပို့ ဖုန်း-၀၉-၅၀၁၂၈၇၄၊ ၅၄၈၆၈၉၊ ဒေါ်ချားရီဖုန်း-၂၀၃၄၇၉၊ ဒေါ်မိုးအောင်ဆန်း ဖုန်း-၂၉၄၂၄၈၊ ဒေါ်ဝါဝါ၊ ဒေါ်သင်းသင်း ဖုန်း-၀၉ ၅၁၀၀၁၀၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်မြို့ လှိုင်မြို့နယ် ၆ မိုင် ပြည်လမ်းနေ ဦးတင်ထွန်း-ဒေါ်အနှင်း၊ သား၊ သမီး မြေးတစ်စုတို့က ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းတိပိဋက ဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခေါက်ထပ် ကျောင်းတော်ကြီးနှင့် မိုးမိတ်ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် သုံးသိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ နန္ဒကထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တိ-နိ(ရန်ကုန်ဌာန) နာယက ဦးအောင်ကြည်နှင့် အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဖြူးမဟာစည် သင်္ကြန်တရားစခန်း

ရန်ကုန် မတ် ၂၉

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၅) ရပ်ကွက် ဖြူးဆရာတော် ဘဒ္ဒန္တ နရပတိ သီတင်းသုံးတော်မူသော ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာ ကျောင်းတိုက်အတွင်း၌ နှစ်စဉ် ကျင်းပမြဲဖြစ်သော (၁၀)ကြိမ်မြောက် နွေရာသီ သင်္ကြန် ၁၅ ရက် တရားစခန်းကို (၁၃၆၉ခုနှစ် နှောင်းတန်ခူးလဆန်း ၅ရက်) ဧပြီ ၁၀ ရက် မှ (၁၃၇၀ပြည့်နှစ် တန်ခူးလပြည့်ကျော် ၄ရက်) ဧပြီ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ပါ၍ တရားစခန်း ဝင်ရောက်လိုသူများသည် ဖုန်း-၀၁-၅၃၀၀၆၈၊ ၅၀၁၈၄၆၊ လိုင်းခွဲ ၁၈၁ သို့ စာရင်းပေးသွင်းနိုင်သည်။ (က-ပ)

အားကစားဝန်ကြီးဌာန ဝန်ကြီးဖလားနှင့် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၉

၂၀၀၈ခုနှစ် စတုတ္ထအကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလားနှင့် (၃၄) ကြိမ်မြောက် ပြည်နယ်၊ တိုင်း အမျိုးသမီး၊ အမျိုးသား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို ဧပြီ ၅ ရက်မှ ၁၀ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစား ပြိုင်ပွဲရုံ၌ နေ့စဉ်နံနက် ၉ နာရီမှစတင် ကျင်းပမည်ဖြစ်သည်။

အားကစားဝန်ကြီးဌာန ဝန်ကြီး ဖလားပြိုင်ပွဲတွင် ၄ ပေါက်တန်း(အငယ်တန်း)၊ ၆ပေါက်တန်း(အကြီးတန်း)နှင့် ၁၀ ပေါက်တန်း(တံခွန်စိုက်တန်း)နှင့် အမျိုးသမီးပြိုင်ပွဲ အတန်းလေးတန်း ပါဝင်မည်ဖြစ်သည်။ အတန်းလေးတန်း စလုံးအတွက် ပထမ၊ ဒုတိယနှင့် တတိယရရှိသည့် အသင်းများအား တံခွန်စိုက်ဖလားနှင့် တစ်ဦးချင်း ဆုများ ချီးမြှင့်မည်ဖြစ်ပြီး အတန်းလေးတန်း စလုံး၌ ငွေသားဆုအနေဖြင့် ပထမ ကျပ်တစ်သိန်း၊ ဒုတိယကျပ်ခုနစ်သောင်းနှင့် တတိယကျပ်ငါးသောင်းဆု ချီးမြှင့်မည် ဖြစ်သည်။ အားကစားဝန်ကြီး ဖလားနှင့် ပြည်နယ်၊ တိုင်း ခြင်းလုံးခတ် ပြိုင်ပွဲတွင် အတန်းတိုင်း၌ အကောင်းဆုံး အားကစားသမားဆုများ ချီးမြှင့်မည် ဖြစ်သည်။ ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုငွေကျပ် ၅၀၀၀၀၊ ဒုတိယငွေကျပ် ၃၀၀၀၀နှင့် တတိယငွေကျပ် ၂၀၀၀၀ ချီးမြှင့်မည် ဖြစ်သည်။

ပြိုင်ပွဲရက်တွင် ရုပ်ရှင်၊ ဗီဒီယိုသရုပ်ဆောင် မေတ္တာနှင့်အဖွဲ့၏ ဖျော်ဖြေမှု ပါဝင်မည်ဖြစ်ပြီး ပြိုင်ပွဲသို့ မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်းနှင့် အသေးစိတ်သိလိုပါက မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ရုံး ဖုန်း-၃၉၃၄၂၀နှင့် အတွင်းရေးမှူး ဦးမျိုးမြင့် ဖုန်း-၀၉၅၀ ၅၁၀၇၉၊ ၂၂၆၈၇၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

တပေါင်းလပြည့်နေ့ အထိမ်းအမှတ် ပအိုဝ်းအမျိုးသားပွဲတော် ဘောလုံးယှဉ်ပြိုင်

ရန်ကုန် မတ် ၂၉

၂၀၀၈ ခုနှစ် တပေါင်းလပြည့်နေ့ အထိမ်းအမှတ် ပအိုဝ်းအမျိုးသားပွဲတော်

ဘောလုံးဗိုလ်လုပွဲကို ပရိသတ်များ တစ်ခဲနက် ကြည့်ရှုအားပေးကြစဉ်။ (ကြေးမုံ)

ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို မတ် ၂၁ ရက် မွန်းလွဲပိုင်းက တောင်ကြီးမြို့ ဂနိုင်ရွာရှိ ပအိုဝ်းတိုင်းရင်းသားဘက်စုံ အားကစားကွင်း၌ ကျင်းပသည်။ ပြိုင်ပွဲတွင် ဖရဲငွေတောင်အသင်းက ရွှေနေကြာအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။ ဗိုလ်လုပွဲ အပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပြိုင်ပွဲကျင်းပရေး ကော်မတီ ဥက္ကဋ္ဌ ဦးခွန်ဝင်းကိုက ပထမဆုရ ဖရဲငွေတောင်အသင်းအား တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပထမဆုရ ဖရဲငွေတောင် အသင်း၊ ဒုတိယဆုရ ရွှေနေကြာ အသင်းတို့အား တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေးငွေများကို တာဝန်ရှိ ပုဂ္ဂိုလ်များက ဆက်လက်ချီးမြှင့်ကြသည်။

အဆိုပါ ပြိုင်ပွဲကို မတ် ၉ ရက်မှ ၂၁ ရက်အထိ ကျင်းပခဲ့ပြီး အသင်း ၁၇သင်း ယှဉ်ပြိုင်သည်။ ယင်းပြိုင်ပွဲ၌ ရှမ်းပြည်နယ် (တောင်ပိုင်း)လက်ရွေးစင်များ၊ ဒေသခံ ဘောလုံးသမားများနှင့် အဆင့်မြင့်တန်းမှ ဘောလုံးသမားအချို့ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဒေသခံ ဘောလုံး အားကစား ဝါသနာရှင်များ တစ်ခဲနက် အားပေးခဲ့ကြကြောင်း သိရှိရသည်။ (ကြေးမုံ)

ဆုချီးမြှင့်

ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးခွန်ဝင်းကိုက ပထမဆုရ ဖရဲငွေတောင် အသင်းအား ဆုဖလားချီးမြှင့်စဉ်။ (ကြေးမုံ)

ကရင်ပြည်နယ် ဖာပွန်မြို့နယ်အတွင်း သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းနင်းမိပေါက်ကွဲ အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် မတ် ၂၉

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကိုနှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောက်လုပ်ရပ်များကို နည်းမျိုးစုံဖြင့်ဆောင်ရွက်လျက်ရှိရာ မတ် ၁၉ ရက် ညနေ ၄ နာရီ ၄၅ မိနစ်ခန့်တွင် ကရင်ပြည်နယ် ဖာပွန်မြို့နယ် အမှတ် (၁)ရပ်ကွက်နေ ဦးဘီတူး၏သား လော်ကမာန် အသက် ၃၈နှစ်သည် ဖာပွန်မှ ချော်ပွဲကျေးရွာသို့ ဖာလာစေ့နှင့် ငရုတ်ကောင်းများဝယ်ရန် သွားရောက်စဉ်လမ်းခရီးရေချောင်းအရောက်၌ သောင်းကျန်းသူ အဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပေါက်ကွဲပြီး လောကမာန်၏ ဘယ်ခြေထောက် ခြေကျင်းဝတ်မှပြတ်ကာ ဒဏ်ရာရရှိခဲ့သည်။ မိုင်းစထိမှန်ဒဏ်ရာရှိခဲ့သည့် လော်ကမာန်အား တာဝန်ရှိသူများက လိုအပ်သော ဆေးဝါးကုသမှုများနှင့် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူ အဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ် ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

ကမ်းရိုးတန်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။

အမှာစကားပြောကြား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်မည်

နေပြည်တော် မတ် ၃၀

အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ မိုဟာမက် ဟာမစ်အန်ဆာရီ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် အိန္ဒိယသမ္မတနိုင်ငံသို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံတော်၏စက်မှုကဏ္ဍ ပိုမိုတိုးတက်ရေး၊ အမျိုးသားစီးပွားရေးဘဝ ပိုမိုဖြစ်ထွန်းရေးအတွက် မည်သည့်အခက်အခဲကိုမဆို ကျော်လွှား၍ အောင်မြင်သည်ထက် အောင်မြင်စေရန် ကြိုးပမ်းဆောင်ရွက်

ရန်ကုန် မတ် ၂၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻

မြဝတီရုပ်မြင်သံကြား တေရသမ နှစ်ပတ်လည်နေ့ ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်ချီးမြှင့်

ရန်ကုန် မတ် ၂၉

မြဝတီရုပ်မြင်သံကြား တေရသမ နှစ်ပတ်လည်နေ့ ထူးချွန်ဝန်ထမ်းဆုနှင့် မြဝတီစာပေတိုက်၊ ၂၀၀၇ခုနှစ် မြဝတီ/ငွေတာရီမဂ္ဂဇင်း၊ နှစ်ပတ်လည် အကောင်းဆုံးစာမူဆု၊ မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီ ၁၅ မိနစ်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့ရှိ မြဝတီရုပ်မြင်သံကြား၌ကျင်းပရာ စစ်ရေးချုပ် ဗိုလ်ချုပ်သူရ မြင့်အောင် တက်ရောက်ချီးမြှင့်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊

စာမျက်နှာ ၉ ကော်လံ ၁ သို့ ●